# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်   ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ ဗုဒ္ဓဟူးနေ့   အတွဲ(၆၆)၊ အမှတ်(၁၀၇)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် (Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊ မြန်မာ – မလေးရှား စီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတအနေဖြင့် မြန်မာ–မလေးရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

## ယနေ့ ဖတ်စရာ

ခေတ်အဆက်ဆက် ရှင်သန်နေတဲ့ မြန်မာ့စာတိုက်

ဆောင်းပါး စာ ၆

ဘယ်ဘက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားသောလက်အား မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး၌ ခွဲစိတ်ကုသ၍ အောင်မြင်စွာ ပြန်လည်တွဲဆက်ပေးနိုင်ခဲ့

ပြည်တွင်းသတင်း စာ ၁၆




# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၂ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၇၉ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

# ပူတာအိုမြို့နယ်အတွင်း တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ် တိုးချဲ့ မွေးမြူထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**ပူတာအို အောက်တိုဘာ ၆**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မာမူးလဲ့ကျေးရွာအုပ်စု မာမဲ့ရှီးဒီကျေးရွာအတွင်း ဒေသငါးများ တိုးချဲ့မွေးမြူနိုင်ရေးအတွက် တောင်သူ ဦးငွါးရဲ့ဒွေ့နှင့် ဦးဝါးတာဆီး၏ နေအိမ်ခြံဝင်းများအတွင်း ငါးကန်တူးဖော်၍ မိသားစုတစ်နိုင်တစ်ပိုင်အဖြစ် တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ငါးကျည်း၊ ငါးခူများ ထည့်သွင်းမွေးမြူထားပြီး တိုးချဲ့မွေးမြူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ငါးမွေးမြူရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးရဲရင့်ဆွေ၊

*စာမျက်နှာ ၅ ကော်လံ ၄* ○



## အနောက်တောင်မုတ်သုံလေ နိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်




**နေပြည်တော် အောက်တိုဘာ ၆**

အောက်တိုဘာ ၆ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီး ဖြစ်သည်။

မြန်မာ့အလင်း

၂၀၂၆ ခုနှစ် အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံမှ ဆုတ်ခွာသည့် ရက်များပြပုံ။

# ဟဲဟိုးမြို့၌ တန် ၇၀၀၀ ဆံ့ အာလူးအအေးခန်း တည်ဆောက်လျက်ရှိ

**ဟဲဟိုး အောက်တိုဘာ ၆**

တန် ၇၀၀၀ ဆံ့ အာလူးအအေးခန်း အဆောက်အအုံအုတ်မြစ်စီအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကလောခရိုင် ကလောမြို့နယ် ဟဲဟိုးမြို့ ဝါးရုံပင်ကျေးရွာအုပ်စု၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ပြီး သတ်မှတ်နေရာများ၌ အုတ်မြစ်ချပေးကာ အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် ညောင်ရွှေမြို့ ဖောင်တော်ပြန်ရှင်းလင်းဆောင်ခန်းမအတွင်း၌ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ဒေသစာရီကြွချီ အပူဇော်ခံနိုင်ရန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ညောင်ရွှေမြို့သို့ ကြွချီအပူဇော်ခံမည့် နမ့်ကတ်ချောင်းဝရှိ ကျွန်းမျောရိုင်းများ၊ ဗေဒါများကို စက်ယန္တရားများဖြင့်လည်းကောင်း၊ အင်းရေပြင်တွင် မှော်များ၊ ဒိုက်များ၊ ဗေဒါများကို စက်အား၊ လူအားဖြင့် စုပေါင်းရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကာ

*စာမျက်နှာ ၅ ကော်လံ ၁* ■

❊ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်၊ ၅/၂၀၂၄ ထုတ်ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၉)** ဦးရန်နိုင်ဦးက ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် အဓိက တာဝန်များဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများကို တာဝန်ကျေပွန်စွာ အပတ်တကုတ်ကြိုးစားထိန်းသိမ်းရင်း တစ်ဖက်ကလည်း ယနေ့နိုင်ငံတော်တွင် ကျင်းပရန် ပြင်ဆင်နေသည့် “မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ”ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပပေးခြင်း၊ အရှေ့တောင်အာရှအဆင့်သာမက ကမ္ဘာကပါ အံ့အားသင့်ရသည့် 27th SEA Games အရှေ့တောင်အာရှအားကစားပွဲတော်ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားကြီးများတွင် နိုင်ငံကိုကိုယ်စားပြုပြီး အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ တာဝန်ယူကျင်းပပေးခြင်းစသည့် အမျိုးသားရေးတာဝန်များကို အောင်မြင်ထင်ရှားစွာ ထမ်းရွက်နိုင်ခဲ့သည့် ဝန်ကြီးဌာနလည်း ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အမျိုးသားရေးတာဝန်ကျေပွန်ပြီး မြန်မာအမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထာဝရတည်ရှိအောင် စဉ်ဆက်မပြတ်ကြိုးပမ်းနေသည့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံကြီးများရှိ ယဉ်ကျေးမှုဝန်ကြီးဌာနများကဲ့သို့ အမည်နာမ ခိုင်ခိုင်မာမာနှင့် ရပ်တည်ဖွဲ့စည်းထားရှိခြင်းသည် နိုင်ငံတော်နှင့်လူမျိုး၏ ဂုဏ်ဒြပ်အဖြစ် သင့်လျော်ထိုက်တန်မှုရှိပါကြောင်း။

ယခုကဲ့သို့ အစဉ်အလာရှိစွာနှင့် တာဝန်ကျေခဲ့သည့် ဝန်ကြီးဌာနတစ်ခုအနေဖြင့် ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ပေါ်မူတည်ပြီး “အရိုးပေါ်အရွက်မဖုံးရအောင်” နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသည့် ယခင် “ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန” အမည်ကို “ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန”အဖြစ်သို့ အမြော်အမြင်ကြီးစွာ အမည်နာမပြောင်းလဲသတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၅/၂၀၂၄) ကို ထိုက်ထိုက်တန်တန်ပြဋ္ဌာန်းထုတ်ပြန်ပေးခဲ့ခြင်းမှာ အမျိုးသားရေးအစဉ်အလာကြီးပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့် မိမိတို့နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့်ကိစ္စဖြစ်သည့် အားလျော်စွာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၅/၂၀၂၄) ကို ထုတ်ပြန်ခြင်းအပေါ် နိုင်ငံသားတစ်ဦးအနေဖြင့် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူရင်း အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၁၀)** ဦးသန်းအေး (ခ) ဦးတင်ဦးက ယနေ့ခေတ်အနောက်တိုင်းယဉ်ကျေးမှုပုံစံများ ကမ္ဘာအရပ်ရပ်သို့ လွှမ်းမိုးကြီးစိုးဝင်ရောက်နေသည့်အတွက် ယဉ်ကျေးမှုကိုယ်ခံအား အတော်များများ ကျဆင်းဆုတ်ယုတ်နေချိန်တွင် ယဉ်ကျေးမှုဆိုသည့် Soft Power မျက်နှာစာမှာ အထူးအလေးထား ဝီရိယစိုက်ပြီး အားဖြည့်ကာကွယ်သည့် အနေအားဖြင့် ဖြစ်မည်ဆိုလျှင် ယဉ်ကျေးမှုဝန်ကြီးဌာန သို့မဟုတ် ယဉ်ကျေးမှုထိန်းသိမ်းကာကွယ်မြှင့်တင်ရေး ဝန်ကြီးဌာနဟု ဝန်ကြီးဌာနတစ်ခု သီးခြားတည်ထောင်ဖွဲ့စည်းသင့်သည်ဟု မိမိတို့အနေဖြင့် ယူဆပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတက ပေးပို့ထားသော ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ထုတ်ပြန်ထားချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ** ဒေါ်စမ်းစမ်းဌေးက ယဉ်ကျေးမှုသည် နိုင်ငံတစ်ခုနှင့် အမျိုးသားလူမျိုးစုတစ်ခုလုံး၏ အသက်သွေးကြောဖြစ်ပြီး ငြင်းပယ်ရန်မရနိုင်လောက်အောင် အလွန်အရေးပါသောကဏ္ဍတွင် ရှိနေပါကြောင်း၊ အမျိုးသားရေးကို ဖော်ပြခြင်း၊ အမျိုးသားစည်းလုံးညီညွတ်မှုကို ခိုင်မာစေခြင်း၊ အမျိုးသားစရိုက်နှင့်လက္ခဏာ ပုံသွင်းပေးခြင်း၊ စီးပွားရေးနှင့်ခရီးသွားကဏ္ဍကို အထောက်အကူပြုခြင်းနှင့်အတူ Soft Power တည်ဆောက်ပေးနိုင်ခြင်းနှင့် ယနေ့ခေတ်ကမ္ဘာ့ရေးရာတွင် ယဉ်ကျေးမှုသည် ထိရောက်သော သံတမန်ရေးရာတစ်ခုအဖြစ်၊ အနုပညာ၊ ဂီတ၊ ရုပ်ရှင်နှင့် အစားအသောက်များက တစ်ဆင့် တခြားနိုင်ငံများအပေါ် ကောင်းမွန်သောဩဇာလွှမ်းမိုးမှုနှင့် ချစ်ကြည်ရေးကို တည်ဆောက်နိုင်သည့်အနေအထားရှိပါကြောင်း။

သို့ဖြစ်၍ ယဉ်ကျေးမှုအမွေအနှစ်များ မြှင့်တင်ဖော်ထုတ်ဆောင်ရွက်ပြီး နိုင်ငံ၏ယဉ်ကျေးမှုကိုပြသနိုင်သည့် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဖော်ဆောင်ထားသည့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ ပြောင်းလဲသတ်မှတ်ခြင်းအား လေးနက်စွာ ထောက်ခံအပ်ပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၆)** ဦးအေးပိုင်က ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါ ပျောက်မည်ဟူသော ရှေးလူကြီးများ ပြောဆိုခဲ့သည့် ဆိုရိုးစကားအတိုင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စာပေ၊ ဂီတ၊ ဝတ်စားဆင်ယင်မှု၊ ရိုးရာဓလေ့၊ ဘာသာစကားများကို ဝိုင်းဝန်းကာကွယ်ကြရန် အလွန်အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံနှင့်လူမျိုးကို မပျောက်ကွယ်ရလေအောင် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားစွာနှင့် စဉ်းစားတွေးခေါ်ကာ “ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန”ဟု အမည်ပြောင်းလဲသတ်မှတ်ခြင်းကို ဝမ်းမြောက်စွာဖြင့် ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနဟု ပြောင်းလဲခြင်းမှာ နိုင်ငံတော်၏ မူဝါဒဖြစ်သည့် ယဉ်ကျေးမှုကို မြှင့်တင်ခြင်းဖြင့် ဟိုတယ်ခရီးသွားလုပ်ငန်းများကို ဖော်ဆောင်ခြင်းဟူသော မူဝါဒနှင့်လည်း ကိုက်ညီပါကြောင်း၊ ထို့ပြင် ယဉ်ကျေးမှုမြှင့်တင်ခြင်းဖြင့် ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဒေသန္တရ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်းနှင့် ကမ္ဘာသို့ချပြခြင်းတို့ဖြင့် ခရီးသွားကဏ္ဍကို အားပေးနိုင်ပါကြောင်း၊ ရိုးရာမပျက် ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ၊ သမိုင်းဝင်နေရာများနှင့် ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံများကို ဖော်ထုတ်ပြသခြင်းဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ၏ ထူးခြားသည့် ရိုးရာအစားအစာများနှင့် တိုင်းရင်းသား ဝတ်စားဆင်ယင်မှုများကို ဖော်ထုတ်ပြသခြင်းဖြင့် လည်းကောင်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြပွဲများ၊ ရိုးရာပွဲတော်များ ပြသခြင်းဖြင့် လည်းကောင်း ခရီးသွားများ စိတ်ဝင်စားလာစေမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းများကို မြှင့်တင်ဖော်ထုတ်နိုင်လာမည်လည်း ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအမည်ကို နိုင်ငံတော်အစိုးရက ယဉ်ကျေးမှုကိုတည်မှီပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်အခန်းကဏ္ဍအဖြစ် သတ်မှတ်ထားသည့်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခြင်းမှာ သင့်လျော်မှန်ကန်မှုရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်က သဘောတူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအမည်အား ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအမည်အဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်၊ ၅/၂၀၂၄ ထုတ်ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ်လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီးကိုကိုဦးအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အစားထိုးခန့်အပ်ခြင်းနှင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်၊ ၆/၂၀၂၄ ထုတ်ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတထံမှ အဆိုပြုတင်ပြထားသော ဒေါက်တာမျိုးဝင်းအောင်နှင့် ဦးစောမျိုးမျိုးတို့အား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD( 500ppm)နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ** ဒေါက်တာကျော်ဆွေက အခွန်ကင်းလွတ်ခွင့်ပြုရခြင်း၏ ရည်ရွယ်ချက်များမှာ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မမြင့်တက်စေရေး၊ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်လျှော့ချရေးနှင့် လျှပ်စစ်ဓာတ်အားခ မမြင့်တက်စေရေးအတွက် ဖြစ်သည်ဟု ရှင်းလင်းဖော်ပြထားပါကြောင်း၊ သို့ရာတွင် အခွန်ကင်းလွတ်ခွင့်မှ ရရှိသည့် အကျိုးကျေးဇူးသည် အမှန်တကယ်ပြည်သူများထံ မည်မျှအထိ ရောက်ရှိသွားသည်ကို တိုင်းတာစစ်ဆေးရန် လိုအပ်ပါကြောင်း၊ အခွန်ကင်းလွတ်ခွင့်သည် တင်သွင်းသူများ၊ ဖြန့်ဖြူးသူများနှင့် လက်လီရောင်းချသူများအနေဖြင့် အကျိုးအမြတ်ကိုသာ တိုးမြှင့်ရရှိခြင်းမဖြစ်စေရန် စောင့်ကြည့်ထိန်းချုပ်မှု၊ ဈေးနှုန်းထုတ်ဖော်ပြသမှုနှင့် စာရင်းစစ်ဆေးမှုများ ပြုလုပ်သင့်ပါကြောင်း။

ရေရှည်တွင် လောင်စာဆီအားလုံးကို အခွန်ကင်းလွတ်ပေးထားခြင်းထက် အမှန်တကယ်လိုအပ်သောကဏ္ဍများကို အဓိကထား၍ သက်သာခွင့်ပေးသည့်စနစ်သို့ ကူးပြောင်းသင့်ပါကြောင်း၊ NLG အခွန်ကင်းလွတ်ခွင့်၏ အကျိုးခံစားသူသည် ပြည်သူများဟုတ် မဟုတ်၊ တင်သွင်းသူများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သူများဟုတ် မဟုတ် ဆိုသည်ကိုလည်း ခွဲခြားတိုင်းတာနိုင်သည့်စနစ် လိုအပ်ပါကြောင်း။

အထူးသဖြင့် လာမည့် အောက်တိုဘာနှင့် နိုဝင်ဘာလများသည် မိုးသီးနှံများ ရိတ်သိမ်းချိန်နှင့် ဆောင်းသီးနှံများ စတင်စိုက်ပျိုးချိန် ဖြစ်ပါကြောင်း၊ ထိုကာလအတွင်း တောင်သူများသည် ထွန်ယက်ခြင်း၊ ရေသွင်းခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့အတွက် စက်သုံးဆီကို အများအပြားအသုံးပြုရမည် ဖြစ်ပါကြောင်း၊ အခွန်လျှော့ပေါ့မှုကို ချက်ချင်းရပ်ဆိုင်းလိုက်ပါက စက်သုံးဆီကုန်ကျစရိတ် မြင့်တက်ပြီး တောင်သူများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်၊ တောင်သူဝင်ငွေ၊ စိုက်ပျိုးထုတ်ကုန်ဈေးနှုန်းနှင့် စားနပ်ရိက္ခာဈေးနှုန်းများအပေါ် ဆက်တိုက်သက်ရောက်နိုင်ပါကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ၏ လောင်စာလိုအပ်ချက်ကို လမ်းပေါ်မော်တော်ယာဉ်များနှင့် တူညီသောစနစ်တစ်ခုတည်းဖြင့် မစီမံသင့်ပါကြောင်း။

ထိုစနစ်ထူထောင်ခြင်းဖြင့် အမှန်တကယ်လယ်ယာလုပ်ငန်းသုံးစွဲသူများကို ကူညီပေးနိုင်သကဲ့သို့ စက်သုံးဆီအလွဲသုံးစားမှုနှင့် ပြန်လည်ရောင်းချမှုများကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အချုပ်အားဖြင့် ယခုသဝဏ်လွှာတွင် တင်ပြထားသည့် ဒီဇယ်ဆီ HSD 500 ppm နှင့် LNG အပေါ် အခွန်ကင်းလွတ်ခွင့်ကို နောက်ဆုံးအကြိမ်အဖြစ် တစ်လ ထပ်မံတိုးမြှင့်ခွင့်ပြုရန် တင်ပြချက်ကို ထောက်ခံပါကြောင်း။

သို့သော် စက်တင်ဘာ ၃၀ ရက်နေ့ နောက်ပိုင်းတွင် အခွန်ကင်းလွတ်ခွင့်ကို ထပ်မံတိုးမြှင့်ရန် မလိုအပ်စေရေးအတွက် ရေရှည်တည်တံ့နိုင်သော လောင်စာဆီနှင့် စွမ်းအင်အခွန်မူဝါဒတစ်ရပ်ကို ကြိုတင်ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊အခွန်ကင်းလွတ်ခွင့်မှ ရရှိသည့် အကျိုးကျေးဇူးများသည် တင်သွင်းသူများထံတွင်သာ မကျန်ရှိဘဲ ဒီဇယ်ဈေးနှုန်း၊ သယ်ယူပို့ဆောင်ရေးခ၊ စားသောက်ကုန်ဈေးနှုန်းနှင့် လျှပ်စစ်ဓာတ်အားခများအပေါ် အမှန်တကယ်သက်ရောက်မှုရှိ မရှိ စောင့်ကြည့်အကဲဖြတ်ရမည် ဖြစ်ပါကြောင်း။

လယ်ယာသုံးစက်ယန္တရားများအတွက် သီးခြားမှတ်ပုံတင်စနစ်၊ Fuel QR စနစ်နှင့် လောင်စာခွဲတမ်းစနစ်တို့ကို အမြန်ဆုံးဖော်ဆောင်ပေးရမည် ဖြစ်ပါကြောင်း၊ အခွန်လျှော့ပေါ့မှုကြောင့် လျော့နည်းသွားသော အခွန်ဝင်ငွေများကို ပြန်လည်ဖြည့်ဆည်းရာတွင် ပြည်သူများ၏ အခြေခံစားသောက်ကုန်များနှင့် ထုတ်လုပ်မှုကဏ္ဍအပေါ် ထပ်မံဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် စနစ်တကျစီမံရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အခွန်ကင်းလွတ်ခွင့်ကို နောက်ဆုံးအကြိမ်အဖြစ် တစ်လထပ်မံတိုးမြှင့်ခွင့်ပြုရန် အကြံပြုဆွေးနွေးသည်။

**ပေါင်းတည် မဲဆန္ဒနယ်မှ** ဒေါ်ဆွေဆွေသင်းက စိုက်ပျိုးရေးအတွက် တောင်သူလယ်သမားများ စိုက်ပျိုးရိတ်သိမ်းရာတွင် အဆင်ပြေစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခမြင့်တက်မှု မရှိစေရေးထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဒီဇယ်ဆီ HSD (500 ppm) နှင့် ဓာတ်ငွေ့ရည်အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇တွင် “ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်အထူးကုန်စည်ခွန်နှင့် ရတနာခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်” ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို နောက်ဆုံးအကြိမ် (၁) လ (၁.၉.၂၀၂၄ ရက်မှ ၃၀.၉.၂၀၂၄ ရက်အထိ) ထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးအတွက် လေးလေးနက်နက်ထောက်ခံကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) ကို ကုန်ဈေးနှုန်းတည်ငြိမ်စေရန်၊ အများပြည်သူအတွက် လျှပ်စစ်ဓာတ်အားဈေးနှုန်း မြင့်တက်မှုမရှိစေရန်၊ *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန်နှင့် အခြေခံ ပြည်သူလူထု၏ လူမှုစီးပွားဘဝအဆင်ပြေ ချောမွေ့စေရေးကို အဓိကဦးတည်ပြီး ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည် (LNG) တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါကြောင်း။

ထို့အတူ စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိက အသုံးပြုရသည့် ဒီဇယ်ဆီ HSD(500 ppm) ကို ကုန်ဈေးနှုန်း တည်ငြိမ်စေရန်၊ လျှပ်စစ်ဓာတ်အား ဈေးနှုန်း မြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိက ဦးတည်ပြီး ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည် (LNG) တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလအတွက် ထပ်မံ၍ တိုးမြှင့်ခွင့်ပြုနိုင်ရေး ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် လွှတ်တော်က သဘောတူကြောင်းကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးအတွက် စာချုပ်အား အတည်ပြုပါဝင်သည့် စာလွှာကိစ္စနှင့် စပ်လျဉ်း၍** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးအတွက် စာချုပ်အား အတည်ပြုပါဝင်သည့်စာလွှာကို လက်မှတ်ရေးထိုး၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ခြင်းဖြင့် အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အမြန်ဆုံးအသက်ဝင်၍ အာဆီယံဒေသတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ဖူလုံရေး အစီအမံများ ချမှတ်ခြင်းနှင့် အနာဂတ်ကာလတွင် သဘာဝဘေး/စစ်ဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် စွမ်းအင်ပြတ်လပ်မှုအခက်အခဲများကို တစ်နိုင်ငံချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ရေတို၊ ရေရှည် အရေးပေါ်တုံ့ပြန်မှုအစီအမံများ ချမှတ်ရေးဆွဲအကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်အကူအညီများရရှိနိုင်မည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင်အသက်ဝင်နိုင်ရေးအတွက် စာချုပ်အား အတည်ပြုပါဝင်သည့်စာလွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် ကြိုတင်သဘောတူခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် စာချုပ်အား အတည်ပြုပါဝင်သည့်စာလွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဘယ်လာရုစ်သမ္မတနိုင်ငံ၊ DBRB နှင့် Belinvestbank JSC တို့မှ ပို့ကုန်ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ပို့ကုန်ချေးငွေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်က ပြည်ပသို့ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများ တင်ပို့ရောင်းချရာ၌ ဝယ်ယူသူ/ ပစ္စည်းတင်သွင်းသူအနေဖြင့် ကျသင့်ငွေပေးချေရာတွင် ဘဏ်မှချေးငွေရယူ၍ ပေးချေခြင်းဖြစ်ပါကြောင်း၊ ယခု ပို့ကုန်ချေးငွေမှာ ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ၊ ခေတ်မီစက်ပစ္စည်းကိရိယာများ၊ နည်းပညာနှင့် ဝန်ဆောင်မှုများကို မြန်မာနိုင်ငံမှ အစိုးရဌာန/ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများက ဝယ်ယူရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံရှိ ဘဏ်တစ်ခုခုမှ ချေးငွေရယူ၍ ပစ္စည်းဖိုးပေးချေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပို့ကုန်လုပ်ငန်းရှင်က ဘယ်လာရုစ်သမ္မတနိုင်ငံမှဖြစ်ပြီး သွင်းကုန်လုပ်ငန်းရှင်က မြန်မာနိုင်ငံမှ ဖြစ်ပါကြောင်း။

ဘယ်လာရုစ်သမ္မတနိုင်ငံ၏ ပို့ကုန်ချေးငွေဖြင့် ဝယ်ယူနိုင်မည့် ပို့ကုန်ပစ္စည်းအမျိုးအစားများမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်ပစ္စည်းများ၊ ကြားခံကုန်စည်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများ ဖြစ်ပါကြောင်း၊ ပို့ကုန်ချေးငွေရယူရန်အတွက် ချေးငွေဆိုင်ရာစည်းကမ်းချက်များမှာ ဆိုင်းငံ့ကာလသည် အများဆုံး(၁)နှစ်ဖြစ်ပြီး ချေးငွေသက်တမ်းမှာ (၁)နှစ်မှ (၅)နှစ်အထိ ဖြစ်ပါကြောင်း၊ ချေးငွေအား ရုရှားရူဘယ်(RUB) သို့မဟုတ် ဘယ်လာရုစ် ရူဘယ် (BYN) သို့မဟုတ် တရုတ်ယွမ် (CNY) သို့မဟုတ် အမေရိကန်ဒေါ်လာ (USD) သို့မဟုတ် ယူရို (EUR) စသည့် ငွေကြေးအမျိုးအစား (၅) မျိုးဖြင့် ရယူနိုင်ပါကြောင်း၊ အတိုးနှုန်းကို ချေးငွေရယူမည့် ငွေကြေးအမျိုးအစားနှင့် ပို့ကုန်ပစ္စည်းအုပ်စုအပေါ်မူတည်၍ သတ်မှတ်ထားပြီးဖြစ်ပါကြောင်း။

ချေးငွေရယူမည့် ငွေကြေးအမျိုးအစားအလိုက် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလရှိ အတိုးနှုန်းဖြင့် တွက်ချက်ကြည့်ပါက အတိုးနှုန်းများမှာ အနည်းဆုံး ၂ ဒသမ ၂၅ ရာခိုင်နှုန်းမှ အများဆုံး ၉ ဒသမ ၃၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပို့ကုန်ချေးငွေရယူရာတွင် အတိုးနှုန်းအပြင် အာမခံကြေးကိုပါ ပေးဆောင်ရမည်ဖြစ်ပြီး အာမခံကြေးမှာ ချေးငွေသက်တမ်းအနည်း၊ အများအပေါ် မူတည်၍ ပြောင်းလဲမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ချေးငွေဆိုင်ရာ မူဘောင်သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီးဖြစ်ရာ လွှတ်တော်က သဘောတူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက်**နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်တို့က ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးနိုင်ပါရန် တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးတတိယနေ့ကို အောက်တိုဘာ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




အစည်းအဝေးတွင် လူငယ်များအတွက် မျိုးချစ်စိတ်မြှင့်တင်ရေး၊ ချောင်းဖြောင့်တူးဖော်ပေးရေး၊ မြေငှားဂရန်လျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြီးသတ်ဆောင်ရွက်ပေးရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသော လုပ်ရပ်များအပေါ် အရေးယူပေးနိုင်ရေး၊ “၀” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရုံး အမြန်ဆုံးတည်ဆောက်ပေးရေး၊ ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိနေရပ်သို့ပြန်လည်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၏ **လူငယ်များအကြား မျိုးချစ်စိတ်မြှင့်တင်ရေး ကျယ်ပြန့်စွာ ဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် Auto Repair သင်တန်းကျောင်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လူငယ်များ ဘာသာရေးနှင့် ယဉ်ကျေးမှုအခြေပြု မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအထိ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်း (၂၀၄)ကြိမ်၊ လူငယ်ဖိုရမ်(၁)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး လူငယ်စုစုပေါင်း ၄၇၁၁၉ ဦးတက်ရောက်ခဲ့ကြပါကြောင်း၊ လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း စသည့် အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ Job Ready Skills Workshop & Career and Opportunity Fair အခမ်းအနားများ၊ လုပ်ငန်းခွင်အတွေ့အကြုံများရရှိစေရန် Interim ဖန်တီးဖော်ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရှေ့ဆက်လက်ပြီး အထူးအလေးပေးရမည့် လူငယ်များ အသက်မွေးဝမ်းကျောင်းမှုပညာများကို လက်လှမ်းမီသင်ကြားနိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပံ့ပိုးပေးခြင်း၊ သာတူညီမျှအခွင့်အရေးနှင့် လုပ်ငန်းခွင်အတွင်း စိတ်ချလုံခြုံမှုရှိစေရေးတို့ကို မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အဖွဲ့ဝင်ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

လူငယ်များကို ဘာသာရေးနှင့်ယဉ်ကျေးမှုအခြေပြု မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း YMBA အသင်းခွဲများ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဓမ္မစကူးလ်သင်တန်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဖွင့်လှစ်ခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများကျင်းပဖြေဆိုခြင်း၊ အဘိဓမ္မာသင်တန်းများဖွင့်လှစ်ပို့ချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမျိုးဘာသာချစ်မြတ်နိုးတတ်စေရန်နှင့် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်စေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း YMBA အသင်းကြီးများကဲ့သို့ အခြားသောလူမှုရေးအသင်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရပ်ကွက်ကျေးရွာအုပ်စုအဆင့်များအထိ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များအလိုက် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လူငယ်များမူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆောင်ရွက်သကဲ့သို့ လမ်းမှားရောက်နေသည့်လေလွင့်လူငယ်များ မူးယစ်ဆေးစွဲလူနာများအား မူးယစ်သံသရာအတွင်း ပြန်လည်မရောက်ရှိစေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များရှိ မူးယစ်ဆေးစွဲလူငယ်များကို ပြန်လည်ထူထောင်ရေးစခန်းများဖွင့်လှစ်၍ ဆေးဖြတ်ကုသပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင် သက်မွေးသင်တန်း (၄၆)ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းဆင်း ၄၀၀ တို့အား သင့်လျော်သည့်အလုပ်အကိုင်များ ရရှိရေးစီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနား မဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ **အဝေရာဆည် တာပေါင်အနီး၊ ငလိုက်ချောင်းအား ချောင်းဖြောင့်တူးဖော်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က နေပြည်တော်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆင်သေချောင်း ရေလမ်းပိုင်း(၂၀)၊ ဇီးကုန်းတံတား ရေလမ်း၊ ရေလမ်းပိုင်း(၂၃)၊ ရွာစေးဖိုရေလမ်းနှင့် ရေလမ်းပိုင်း(၂၄)၊ အေးမြင့်သာယာရေလမ်းတို့တွင် သောင်တူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်းနှင့် ကမ်းထိန်းလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုရန်ပုံငွေနှင့် နေပြည်တော်ကောင်စီရန်ပုံငွေတို့ ခွင့်ပြုပါရှိပြီးဖြစ်သဖြင့် ပွင့်လင်းရာသီတွင် လုပ်ငန်းများစတင်ဆောင်ရွက်ရန်စီစဉ်လျက်ရှိပြီး ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျွန်းဦးရွာ၊ စက်ရုံရွာ၊ နှမ်းတောရွာ၊ သစ်ဆိမ့်ပင်ရွာနှင့် ဇီးဖြူပင်ရွာ စသည့်ကျေးရွာများရှိ ရေလမ်းပိုင်းသည် ငလိုက်ချောင်း-ဆင်သေချောင်း ရေလမ်းပိုင်း(၂၈)၊ ဆင်သေရေလမ်းတွင်ပါဝင်ပြီး နေပြည်တော်ကောင်စီ၏

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရေကြီး ရေလျှံမှု လျော့ပါးရေး ရေလမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း အလျား ၁၃၀၀ မီတာ၊ ၄၂၆၅ ပေအတွက် ခန့်မှန်း ကုန်ကျ ငွေကျပ်သန်း ၃၀၆၉ ဒသမ ၃၀၀ အား ပထမ ဦးစားပေးဆောင်ရွက်ရန် ရန်ပုံငွေ လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပြီး အဆိုပါ ရေလမ်းပိုင်း ပိုမိုထိရောက်နိုင်စေရေးအတွက် ဆင်သေချောင်း ရေလမ်းပိုင်း(၂၆)၊ ရုံးပင်ဇောင်းရေလမ်းနှင့် ရေလမ်း ပိုင်း(၂၇)၊ ညောင်ပင်ကြီးရေလမ်းတို့တွင်လည်း ရေကြီး ရေလျှံမှုလျော့ပါးစေရေးအတွက် ရေလမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း အလျား ၈၆၇၀ မီတာ၊ ပေ ၂၈၄၅၀ အတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၂၁၉၈၈ ဒသမ ၂၀၀ အား ပထမဦးစားပေးဆောင်ရွက်ရန် ရန်ပုံငွေလျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင် မြို့နယ် မြေငှားဂရန်လျှောက်ထားမှုများအား လုပ်ထုံး လုပ်နည်းများနှင့်အညီ မည်မျှကာလအတွင်း အပြီး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက မြေငှားဂရန်ခွင့်ပြုပေးနိုင်ရေး သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အချက် အလက်ပြည့်စုံစွာဖြင့် လျှောက်ထားလာပါက အမှုတွဲ ဖွင့်လှစ်ဆောင်ရွက်ပြီး လျှောက်ထားမြေနေရာသည် မြေငှားဂရန်ခွင့်ပြုထုတ်ပေးနိုင်သည့် အစိုးရက စီမံ ခန့်ခွဲခွင့်ရှိသောမြေ ဟုတ်/ မဟုတ် မြေစာရင်းဦးစီး ဌာန၏ မြေရာဇဝင်စိစစ်ချက်ရယူခြင်း၊ လမ်းနယ်နိမိတ် နှင့်လွတ်ကင်းမှု ရှိ/မရှိ လမ်းဦးစီးဌာန၊ စည်ပင်သာယာ အဖွဲ့များ၏ ထောက်ခံချက်များရယူခြင်း၊ မြေနေရာ တည်ရှိမှုအပေါ်မူတည်ပြီး အခြားဆက်စပ်ဌာနများ၏ သဘောထားများရယူခြင်း၊ သက်ဆိုင်ရာဌာနများနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းတို့ ဆောင်ရွက်ရပါ ကြောင်း။

ထို့နောက် မြေငှားဂရန်လျှောက်ထားသည့်မြေ သည် မြေပိုင်ဆိုင်မှုခိုင်မာသည့်အပြင် အငြင်းပွားမှု မရှိသည့်မြေနေရာများဖြစ်ပါက မြေဧရိယာ ၁ ဧက အထိကို ခရိုင်အုပ်ချုပ်ရေးမှူးက ၃၂ ရက်ဖြင့်လည်း ကောင်း၊ မြေဧရိယာ ၁ ဧက အထက်မှ ၅ ဧက အထိ ကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ် ရေးမှူး၏ ခွင့်ပြုချက်ဖြင့် ၄၈ ရက်ဖြင့်လည်းကောင်း၊ မြေဧရိယာ ၅ ဧကအထက်ကို ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ၇၃ ရက်ဖြင့်လည်းကောင်း တည်ဆဲ မြေယာစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေငှားဂရန်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ လူနေထိုင်ရန်အတွက် မြေငှားဂရန် လျှောက်ထားမှုများအပေါ် မြေပိုင်ဆိုင်မှုခိုင်မာသည့် အပြင် အငြင်းပွားမှုမရှိသည့် မြေနေရာများဖြစ်ပါက တည်ဆဲမြေယာစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ သတ်မှတ်ကာလအတွင်း မြေငှားဂရန်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်းနှင့် စက်မှု/စီးပွား မြေငှားဂရန်လျှောက်ထားလာသည့် မြေများအား လုပ်ငန်းအမှန်တကယ်ဆောင်ရွက်နေမှု၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှု၊ နိုင်ငံသူ/ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူပြုနိုင်မှုတို့အပေါ် မူတည်ပြီး ခွင့်ပြုသည့် နည်းလမ်းများအတိုင်းအသုံးပြုပါက တည်ဆဲမြေယာ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ် တကျ စိစစ်ခွင့်ပြုထုတ်ပေးလျက် ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး၏ **နိုင်ငံတော်၏ အချုပ်အခြာအာဏာ ယိမ်းယိုင်စေရန် နှင့် ဂုဏ်သိက္ခာကျစေရန် လုပ်ဆောင်နေသည့်လုပ်ရပ် များအပေါ် အရေးယူရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက ပြည်ပ နိုင်ငံများတွင်ခိုလှုံ၍ နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင် ရန်နှင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပျက်ပြား စေရန် ပြုလုပ်သူများ၊ အားပေးကူညီသူများကို တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ခြင်း၊ အမှုဖွင့်လှစ်ပြီး ပါက သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှတစ်ဆင့် ပေးပို့လာသည့် ဖမ်းဝရမ်း(နိုတီ)များကို အပြည်ပြည် ဆိုင်ရာရဲအဖွဲ့ (INTERPOL)၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ စည်းမျဉ်းများနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်၍ တရားစွဲ ဆိုခံရရန် သို့မဟုတ် ပြစ်မှုဆိုင်ရာပြစ်ဒဏ်ကျခံရန် လိုအပ်နေသူတစ်ဦးနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် Interpol Red Notice ထုတ်ပြန်ခြင်း၊ တရားခံများဖမ်းဆီးပေးခြင်း တို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် အပြည်ပြည် ဆိုင်ရာရဲအဖွဲ့သို့ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ တရားခံလွှဲပြောင်းရေးဥပဒေကို ၂၁-၇-၂၀၁၇ ရက်တွင် အတည်ပြုပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံ နှင့်မျှ တရားခံလွှဲပြောင်းရေးသဘောတူစာချုပ်ကို နိုင်ငံတစ်ခုချင်း သီးခြားလက်မှတ်ရေးထိုး ချုပ်ဆို ထားခြင်းမရှိသော်လည်း ၁၄-၁၁-၂၀၂၅ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားခံလွှဲပြောင်း ရေးစာချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုး ထားပါကြောင်း၊ တရားခံလွှဲပြောင်းရေးကိစ္စရပ်များ ပေါ်ပေါက်လာပါက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ Case By Case ကိစ္စတစ်ခုချင်းအလိုက် သုံးသပ်ပြီး လွှဲပြောင်း/ လက်ခံ ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာ အား ယိမ်းယိုင်ပျက်ပြားစေရန်နှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်နေသူများ၊ နိုင်ငံတော်အစိုးရအား ဆန့်ကျင် မှုများပြုလုပ်ပြီး ပြည်ပနိုင်ငံများသို့ ထွက်ပြေး တိမ်းရှောင်နေသူများနှင့် ပြည်ပနိုင်ငံများတွင်ခိုလှုံ နေသူများအား ရာဇသတ်ကြီး၊ မတရားအသင်းအက် ဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်ခြင်း၊ နိုင်ငံကူးလက်မှတ် ပယ်ဖျက်ခြင်း၊ အမည်မည်းစာရင်းရေးသွင်းခြင်း၊ စောင့်ကြည့်စာရင်းရေးသွင်းခြင်းနှင့် Interpol Red Notice ထုတ်ပြန်ခြင်းများကို ဆောင်ရွက်လျက်ရှိ ပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးရန်ကျော်၏ **“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရုံးကို နိုင်ငံတော် ၏ သီးခြားရန်ပုံငွေဖြင့် အမြန်ဆုံးတည်ဆောက်ပေး ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဗိုလ်ချုပ် မင်းသူက “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်းရုံး ပြောင်းရွှေ့ဖွင့်လှစ်ထားသည့် မက်မန်းမြို့ သည် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သည့်အတွက် မက်မန်း ခရိုင်အဆင့် ဝန်ထမ်းများ၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရုံး ဝန်ထမ်းများသည် ဝန်ထမ်းအိမ်ရာလုံလောက်မှု မရှိသဖြင့် ပြင်ပတွင် ငှားရမ်းနေထိုင်ရသောကြောင့် မြေပြင်တွင် လတ်တလောလိုအပ်နေသည့် ဝန်ထမ်း အိမ်ရာအဆောက်အအုံတစ်လုံး တည်ဆောက်နိုင်ရန်၊ ဆောက်လုပ်မည့် မြေနေရာမှ တောင်သူ သုံးဦး၏ သီးနှံနစ်နာကြေးပေးရန်နှင့် မြေနေရာပြုပြင်ခြင်းတို့ အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး အဖွဲ့ရုံးကို နိုင်ငံတော်၏ သီးခြားရန်ပုံငွေတစ်ရပ်ရပ် ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရုံးဝန်ထမ်းများ နေထိုင်နိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာ တစ်လုံး တည်ဆောက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရန်ပုံငွေတွင် လျာထားဆောင်ရွက်ထားရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဦးသန်းဝင်းထွန်း၏ **နေရပ် စွန့်ခွာပြည်သူများ မိမိနေရပ်၌ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား မည်ကဲ့သို့ ကူညီဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက ယာယီနေရပ်စွန့်ခွာပြည်သူများ ၎င်းတို့နေရပ်သို့ စိတ်အေးချမ်းသာစွာ သွားလာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေး၊ ကျောင်းနေအရွယ် ကလေးများ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြား နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေရှင်းလင်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက် နှိမ်နင်းရေးအဖွဲ့များနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ရှင်းလင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေဘိုခရိုင်အတွင်း နယ်မြေလုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်များ၊ ပြည်သူ့လုံခြုံရေး နှင့် အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့များနှင့် ပူးပေါင်း၍ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက် ချေမှုန်းလျက်ရှိပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်း မှုရှိလာပါက ယာယီနေရပ်စွန့်ခွာပြည်သူများ ၎င်းတို့ ၏နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်နေထိုင်စေပြီး အေးချမ်းလုံခြုံစွာသွားလာနေထိုင် လုပ်ကိုင် စားသောက်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းဒေသ ကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် က ပေးပို့သော **“နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက် (၂)ချက်ကို ဥပဒေကြမ်းကော်မတီဝင်က ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ အတည်ပြုချက် ရယူသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ နည်းဥပဒေများနှင့် စပ်လျဉ်း၍ နည်းဥပဒေတစ်ရပ် လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော် က သဘောတူသည့်အတွက် နည်းဥပဒေတစ်ရပ်လုံး ကို အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နား လိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို အောက်တိုဘာ ၇ ရက်တွင် ကျင်းပသွားမည် ဖြစ် ကြောင်း သိရသည်။

**သတင်းအဖွဲ့**



■ *ရှေ့ဖုံးမှ*

ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အင်းလေးဒေသ အစုအဖွဲ့မှ စွမ်းအင်ချွေတာရေး၊ အင်းလေးရေပြင်ညစ်ညမ်းမှု မရှိစေရေးအတွက် EV လျှပ်စစ်ဓာတ်အားသွင်း မော်တော်စက်လှေ စမ်းသပ်မောင်းနှင်မှုကိုလည်း ကောင်း၊ ဖောင်တော်ဦးရတနာစံကျောင်းတော် အောက်ထပ်ရှိ ဘုရားသမိုင်းဝင်ပြခန်းများဖြစ်သည့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီ ကြွချီအပူဇော်ခံမည့် ခရီးစဉ်ပြ မြေပုံပြခန်းနှင့် အင်းလေးဒေသ ရိုးရာလှေပြခန်းကို လည်းကောင်း၊ မဟာဂန္ဓကုဋီတိုက်၊ ဖောင်တော်ဦးဘုရားပလ္လင် တော်ပြခန်းကို လည်းကောင်း၊ အင်းလေးဒေသထွက် ငွေထည်ပစ္စည်းနှင့် ပေပုရပိုက်ပြခန်းကို လည်း ကောင်း၊ စော်ဘွားသုံးပစ္စည်းနှင့် အင်းလေးဒေသ ထွက် ပဒုမ္မာကြာချည်ရက်ကန်းပြခန်းကို လည်း ကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ် ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

○ *ရှေ့ဖုံးမှ*

စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသန်းဌေးအောင် နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မိသားစု တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်မွေးမြူနိုင်ရေးအတွက် ကန်ဟောင်းများကို သတ်မှတ်ချက်များနှင့်အညီ တူးဖော်ပေးနိုင်ရေး၊ ငါးကန်များ တိုးချဲ့တူးဖော်မွေးမြူ နိုင်ရေး၊ ဒေသငါးများ မွေးမြူနိုင်ရေးနှင့် ငါးစာရရှိရေး အတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ပူတာအိုမြို့ ရဝမ်ရိုးရာယဉ်ကျေးမှုကွင်း အတွင်း ခေါင်လန်ဖူးမြို့နယ် အမတ်ပေါ်ကျေးရွာမှ ယာယီနေရပ်စွန့်ခွာလာသော အိမ်ထောင်စု ၉၀ နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကျောင်းနေကလေးများ အတွက် ဗလာစာအုပ်ဒါဇင် ၁၀၀ နှင့် စာရေးကိရိယာ များ ထောက်ပံ့ပေးအပ်သည်။ **ပြည်နယ်(ပြန်/ဆက်)**



မော်လမြိုင်မြို့ ပတ္တမြားလမ်းဘေးဝဲယာရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို အောက်တိုဘာ ၆ ရက်က မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ် ဝန်ကြီးများ ကြည့်ရှုစစ်ဆေးစဉ်။ စည်သူ(ပြန်/ဆက်)

# ခေတ်အဆက်ဆက် ရှင်သန်နေတဲ့ မြန်မာ့စာတိုက်

မမပို



"မေမေရေ၊ ညီမလေးဆီကို ပို့လိုက်တဲ့ချောထုပ် ပေးဝေပြီးပြီတဲ့ သမီးတို့ပို့လိုက်တဲ့ ပစ္စည်းတွေရောက်ပြီတဲ့"

ဂျပန်နိုင်ငံတွင် ပညာတော်သင်သွားနေသည့် ညီမလေးထံမှ Message ဝင်လာသဖြင့် မေမေ့ကို ဝမ်းသာအားရ လှမ်းပြောမိလိုက်သည်။

"ဟေ – ဟုတ်လား။ မြန်လိုက်တာ ပို့လိုက်တာ ငါးရက်ပဲရှိသေးတယ်။ ဂျပန်ကိုရောက်သွားပြီ။ ကောင်းလိုက်တာ" မေမေ၏ အံ့သြဝမ်းသာသံကို ကြားလိုက်ရသည်။

"စာတိုက်ကပို့တာ အဲဒီလောက်မြန်မယ်မထင်ဘူး။ တော်တော်တိုးတက်လာပြီပဲ" မေမေက ဆက်ပြောလာသည်။

ညနေပိုင်းတွင် ညီမလေးထံမှ ပစ္စည်းပို့ပေးသည့် အမေနှင့် အစ်မကို ကျေးဇူးတင်ကြောင်း TikTok Video လေး တက်လာခဲ့သည်။ ပုံစာလေးက "မန္တလေးစာတိုက်ကြီးကနေ ဂျပန်ကို မြန်မာစားစရာတွေအစုံပို့ပေးတဲ့ မေမေနဲ့ မမကို ကျေးဇူးအများကြီးတင်ပါတယ်"တဲ့။ ညီမလေးကြိုက်တတ်တဲ့ ဒေသထွက်ကုန်စားစရာပစ္စည်းအစုံကို တစ်ခုချင်းထုတ်ပြပြီး ပျော်နေသည့် အပျော်လေးကို ဘိုးဘိုး၊ ဘွားဘွားနှင့် မိသားစုအားလုံးတွေ့ရသည့်အတွက် ဝမ်းသာနေကြပါသည်။

ဘိုးဘိုးက "မြေးလေးရေ စာတိုက်ဆိုတာ ဘိုးဘိုးတို့လက်ထက်ကတည်းက အားကိုးတကြီး အသုံးပြုခဲ့ကြရတာကွယ့်။ စာပို့သမားကိုပဲ မျှော်နေခဲ့ကြရတာ။ တက္ကသိုလ်တက်တုန်းကလည်း အိမ်ကငွေလွှဲရယ်၊သာကြောင်းမာကြောင်းစာရယ်၊ အထူးသဖြင့် မြေးဘွားဘွားဆီကစာကို အမျှော်ဆုံးပေါ့ကွယ်။ အခုခေတ်လို တယ်လီဖုန်းတွေ၊ အင်တာနက်တွေ မပေါ်သေးတော့ စာတိုက်တွေက အဓိက ဆက်သွယ်ပေးနေတဲ့နေရာကြီးပေါ့"ဟု ရှေးဖြစ်ဟောင်းကို တမ်းတပြောပြနေပါသည်။

ကျွန်မကလည်း ဘိုးဘိုးကို "စာတိုက်ဆိုတာ ဘယ်ကတည်းက မြန်မာနိုင်ငံမှာ စတင်ခဲ့တာလဲဟင်"လို့ မေးမိတော့ ဘိုးဘိုးက –

"မြေးရေ .. စာပို့စာယူစနစ်ဆိုတာ ဟိုးယခင် မြန်မာမင်းများလက်ထက်ကတည်းက ရှိခဲ့တာကွယ့်။ ဘိုးဘိုးဖတ်ဖူးတဲ့ စာတိုက်သမိုင်းဆိုတဲ့စာအုပ်လေးမှာပါတဲ့ မှတ်တမ်းတွေထဲမှာတော့ ၁၈၂၇ ခုနှစ်မှာ စစ်တွေစာတိုက်ကို စဖွင့်ပြီး စာတိုက်လုပ်ငန်းကို စတင်ခဲ့ကြတယ်လို့သိရတယ်။ နောက်တော့ ၁၈၅၂ ခုနှစ်မှာ ပဲခူးစာတိုက်ရယ်၊ ၁၈၅၄ ခုနှစ်မှာ ရန်ကုန်စာတိုက်ကြီးရယ် ဖွင့်ခဲ့ပြီး ချိတ်ဆက် ဆောင်ရွက်ခဲ့တယ်တဲ့။ မီးရထားနဲ့ စာပို့တဲ့စနစ်ကို ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့မှာ ရန်ကုန်–ပြည်ရထားလမ်းပိုင်းစတင်ပြေးဆွဲစဉ်ကတည်းက စာပို့တွဲသတ်မှတ်ချိတ်ဆွဲပြီး ရထားလမ်းတစ်လျှောက်မြို့တွေမှာ စာတိုက်တွေကတစ်ဆင့် စာတွေ အပြန်အလှန်ပေးပို့ခဲ့ကြတယ်လို့ ဖတ်ရတယ်။ အဲဒီနောက်ပိုင်း တယ်လီဖုန်းလုပ်ငန်းတွေ တိုးတက်လာတဲ့အချိန်မှာတော့ စာပေးပို့တာတွေ လျော့နည်းသွားတာပေါ့ကွယ်"

ကျွန်မကမစောင့်နိုင်ဘဲ သိလိုဇောနဲ့ "ဘိုးဘိုး – အဲဒီအချိန်ကတည်းက စာတိုက်မှာ မြန်မာနိုင်ငံကနေ နိုင်ငံခြားကို ပစ္စည်းပို့လို့ရပြီလားဟင်"

"နိုင်ငံတိုင်းကို ချောပစ္စည်းတွေ တိုက်ရိုက်ပေးပို့ပြီး တစ်ဖက်ကလည်း အိမ်တိုင်ရာရောက် ပေးဝေဖို့ဆိုတာ မလွယ်ဘူးမြေးရဲ့။ တစ်ဖက်နိုင်ငံရဲ့ စာတိုက်လုပ်ငန်းတွေ ဒါမှမဟုတ် ပစ္စည်းပေးဝေတဲ့လုပ်ငန်း လုပ်နေတဲ့အဖွဲ့အစည်းတွေနဲ့ သဘောတူညီမှုယူရမယ်။ အဲဒီလိုလုပ်ဖို့က နိုင်ငံတိုင်းကိုသွားတွေ့ပြီး ဆွေးနွေးနေလို့ မလွယ်ဘူးလေ။

"အဲဒါကြောင့် ကုလသမဂ္ဂရဲ့ အထူးအေဂျင်စီတစ်ခုဖြစ်တဲ့ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union)ရဲ့ အဖွဲ့ဝင်ဖြစ်ဖို့ ဆောင်ရွက်ခဲ့တာ ၄–၁၀–၁၉၄၉ ရက်နေ့မှာ အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ၅–၅–၁၉၅၆ ရက်နေ့မှာ နိုင်ငံခြားစာပို့တိုက်ဌာနဆိုတာကို ဖွဲ့စည်းပြီးတော့ နိုင်ငံတကာကို လေကြောင်း၊ ရေကြောင်းတွေကနေတစ်ဆင့် ချောပစ္စည်းတွေ ပေးပို့လာနိုင်ခဲ့တာကွယ့်။ အဲဒီတုန်းကတော့ တစ်ခါတစ်ခါ နိုင်ငံခြားကို စာပို့ရင် အခုခေတ်လို သယ်ယူပို့ဆောင်ရေးတွေ မလွယ်ကူတော့ လချီပြီးကြာတယ်ကွယ့်"

မေမေက ကြားဖြတ်၍ "ဟုတ်တယ် သမီးရေ။ ဒါကြောင့် မေမေက အခုအတော်ကိုမြန်နေလို့ အံ့သြနေတာ။ သမီးဖေဖေ ပညာတော်သင်သွားတုန်းက မေမေတို့ပို့တဲ့ စာနဲ့ပစ္စည်းတွေ တစ်လလောက်ကြာမှ ရောက်သွားတယ်။ သင်္ဘောနဲ့ အဓိကထား ပို့ကြရတယ်တဲ့။ စစ်မဖြစ်မီက နိုင်ငံအနှံ့အပြားမှာ စာတိုက်ရုံးတွေ အများကြီးဖွင့်ခဲ့တယ်။ နောက်ပိုင်းမှာ တယ်လီဖုန်းလုပ်ငန်းတွေပေါ်လာပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဆိုပြီး ဖြစ်လာတယ်။ အခုနောက်ဆုံး "မြန်မာ့စာတိုက်လုပ်ငန်း"ဆိုပြီး ၁–၄–၂၀၁၅ ရက်နေ့မှ ပြန်ဖြစ်လာတာကွယ့်"

ညဉ့်နက်လာပြီဖြစ်သဖြင့် "အခုလို ပြောပြပေးလို့ ကျေးဇူးပါဘိုးဘိုးရေ။ ဘိုးဘိုးနဲ့ မေမေတို့လည်း နားလိုက်ပါဦးနော်။ မနက်ဖြန်ကျမှ ရန်ကုန်က သမီးသူငယ်ချင်းဆီ မန္တလေးဒေသထွက်စားစရာလေး စာတိုက်မှာသွားထည့်ရင်းနဲ့ ထပ်လေ့လာလိုက်ဦးမယ်"ဆိုကာ အိပ်ရာဝင်ခဲ့ပါတော့သည်။

နံနက်ပိုင်းတွင်တော့ မေမေ့ကို ဆိုင်ဖွင့်ဖို့ကူညီပေးပြီး သူငယ်ချင်းဆီ စားစရာပို့ဖို့ စာတိုက်ကြီးဘက်သို့ ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ပါသည်။ ရုံးရှေ့ရောက်မှ ဒီနေ့ စနေနေ့ရုံးပိတ်ရက်ပါလားဆိုတာ သတိရလိုက်ပြီး ပြန်လှည့်ဖို့အလုပ်မှာ ရုံးတံခါးမကြီး ဖွင့်ထားသည်ကိုတွေ့ရ၍ ဝင်သွားလိုက်ပါသည်။ စာရေးမလေးက "မင်္ဂလာပါရှင့် မြန်မာ့စာတိုက်လုပ်ငန်းက ကြိုဆိုပါတယ်။ ဘာများ ကူညီပေးရပါမလဲရှင်"ဆိုပြီး ကြိုဆိုလာပါသည်။

"အစ်မက ရုံးပိတ်တယ်ထင်ပြီး ပြန်တော့မလို့"ဆိုတော့ "ဟုတ်ကဲ့ရှင့် အမြန်ချောလက်ခံတဲ့ရုံးတိုင်း ပိတ်ရက်မရှိ၊ လက်ခံပေးပါတယ်ရှင့်"

"အဲဒီလိုလား။ အမြန်နဲ့ ရိုးရိုးဆိုပြီး ရှိတာလား"ဆိုတော့ "ဟုတ်ကဲ့ရှင့်၊ ရိုးရိုးစာဆို ကျသင့်တဲ့တံဆိပ်ခေါင်းကပ်ပြီး ရုံးရှေ့မှာရယ်၊ လမ်းတွေမှာရှိတဲ့ စာပုံးတွေမှာရယ် ထည့်ခဲ့ရင်ရပါပြီ။ ရိုးရိုးစာကတော့ ရရှိ၊ ပေးဝေမှုတွေကို မှတ်တမ်းမတင်ထားပါဘူးရှင့်။ မှတ်ပုံတင်စာ/ ပစ္စည်းနဲ့ အမြန်ချောစာ/ ပစ္စည်းတွေဆိုရင် ကောင်တာမှာ စာရင်းသွင်းလက်ခံပါတယ်။

"အရင်ကတော့ ပစ္စည်းတစ်ခုချင်းစီကို လက်ခံပြေစာလေးတွေ ရေးပေးပါတယ်။ အခုတော့ စာနဲ့ ချောပစ္စည်းတိုင်းမှာ QR Code လေးတွေကပ်ပေးပါတယ်။ အစ်မရဲ့စာ ရောက်၊ မရောက်ကို အရင်ကဆို တစ်ရုံးကနေတစ်ရုံး ကြေးနန်းရိုက်မေး၊ဖုန်းတွေပေါ်လာတော့ ဖုန်းဆက်မေးပြီး အဆင့်ဆင့်မေးမြန်းရတာ၊ အခုလို QR Code လေးတွေ ကပ်ပေးတော့ Myanmar Post Website မှာ QR Code လေး Scan ဖတ်ပြီး Trace လိုက်လို့ရသွားပါပြီ။ ပေးဝေထားတဲ့အခြေအနေကို ဘယ်သူက လက်ခံထားတယ်ဆိုတာအထိ အချိန်နဲ့တစ်ပြေးညီ သိနိုင်ပါပြီ။

"ဝက်ဘ်ဆိုက်က www.myanmarpost.com.mm ပါ။ Mobile Application လည်းရှိတော့ ဖုန်းထဲကနေ တိုက်ရိုက်ခြေရာခံလို့လည်း ရပါတယ်။ လုပ်ငန်းစဉ်တိုင်းကို ရောက်နေတဲ့ စာတိုက်တိုင်းကို မြင်နေရတာပါရှင့်။ စာတိုက်ရဲ့အချက်အလက်တွေ သိချင်ရင်လည်း ဝင်လေ့လာလို့ရပါတယ်။ မမနေတဲ့ ရပ်ကွက်ရဲ့ Postcode ကိုလည်း ရှာလို့ရသလို ဘယ်စာတိုက်က စာလာဝေပေးမှာလဲ ဆိုတာရယ် အနီးဆုံး ဘယ်မှာရှိသလဲဆိုတာကိုပါ ကြည့်လို့ရပါတယ် "

ကောင်တာမှ ညီမလေးက တော်တော်ပြည့်ပြည့်စုံစုံလေး စိတ်ရှည်ရှည်ဖြင့် ရှင်းပြနေစဉ်မှာပင် အစ်မတစ်ယောက်ထွက်လာပြီး "ဟိုနေ့က ဂျပန်ကို ပစ္စည်းလာပို့တဲ့ ညီမလေးပါလား" ဟု လာနှုတ်ဆက်ပါသည်။

"ဟုတ်ကဲ့အစ်မ။ အဲဒီနေ့က ဖုန်းထဲကနေ ပုံစံဖြည့်တာကို ကူညီပေးခဲ့လို့ ကျေးဇူးပါရှင့်"

"အော် EAD မဖြည့်တတ်လို့ ကူညီပေးလိုက်တာကိုလား။ ဒါ အစ်မတို့ ကူညီပေးရမယ့်ကိစ္စပါကွယ်"

" EAD ဆိုတာဘာလဲဟင်။ အဲဒီနေ့က အစ်မ ကူပြီးဖြည့်ပေးလိုက်လို့သာ မြန်မြန်ပြီးသွားတာ။ ဘာကြောင့် အဲဒီလိုဖြည့်ရတာလဲဆိုတာ မသိလို့ပါ"လို့ မေးကြည့်လိုက်သည့်အခါ .....

"EAD ဆိုတာ Electronic Advance Data လို့ခေါ်ပါတယ်။ တစ်ဖက်နိုင်ငံကို ချောပစ္စည်းတွေပေးပို့တဲ့အခါ ပို့တဲ့ပစ္စည်းအမျိုးအစားတစ်ခုချင်းစီရဲ့ HS code တွေ၊ ပစ္စည်းထုတ်လုပ်တဲ့နိုင်ငံ၊ အရေအတွက်၊ တန်ဖိုး စတာတွေအပြင် လက်ခံမယ့်သူရဲ့ ပတ်စ်ပို့နံပါတ်၊ လိပ်စာ၊ ဆက်သွယ်ရမယ့်ဖုန်းနံပါတ်စတဲ့ အချက်အလက်တွေ အပြည့်အစုံထည့်ပေးရတာပါ။ ဒါမှ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်စိတ်ချစွာပေးပို့နိုင်မှာလေ။ အကောက်ခွန်ဆိုင်ရာ ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ လွယ်ကူလျင်မြန်ပြီး မြန်မြန်ပေးဝေနိုင်မှာမို့ပါ။ မြန်မာနိုင်ငံကို ပို့ရင်လည်း အဲဒီလိုပဲဖြည့်ပေးရတယ်။

"UPU က သတ်မှတ်ထားတဲ့ IPS – International Postal System၊ CDS– Customs Declaration System ဆိုတဲ့ စနစ်တွေပေါ်မှာ အသုံးပြုပြီး အချက်အလက်တွေတင်ပို့ရတာ၊ တစ်ကမ္ဘာလုံးက စာတိုက်လုပ်ငန်းတွေက စတင်လက်ခံတဲ့အချိန်ကနေ ပေးဝေတဲ့အထိ အဆင့်တိုင်းကို ထည့်ပေးကြရတာ၊ အစ်မတို့ စာတိုက်ဝန်ထမ်းတွေက သက်ဆိုင်ရာအချက်တွေကို ထည့်ပေးထားတော့ ပေးဝေတာကိုလည်း အချိန်နဲ့တစ်ပြေးညီ Tracking လိုက်လို့ရတာပေါ့။ globaltracktrace.ptc.post Website အပြင် Myanmar Post Application တွေကနေလည်း ကြည့်လို့ရပါတယ်။ အခု မြန်မာနိုင်ငံကနေ နိုင်ငံ ၄၅ နိုင်ငံကို ချောပစ္စည်းပေးပို့နေတာမှာ ဒီစနစ်ကိုပဲ သုံးနေရတာပါ ညီမ"

"ဟုတ်လားအစ်မ။ မြန်မာ့စာတိုက်ကလည်း ကမ္ဘာနဲ့အမီ ခေတ်နောက်မကျဘဲ တော်တော်လေး အဆင့်မြင့်မြင့် လုပ်နေကြတာသိလိုက်ရလို့ ဂုဏ်ယူပါတယ် မမရယ်"

"ကျေးဇူးပါ ညီမလေး။ ဒါနဲ့ အခုဘာပို့ဖို့ရှိသလဲ။ ဘာကူညီပေးရမလဲ"ဆိုပြီး မေးလာသဖြင့် ရန်ကုန်က သူငယ်ချင်းဆီကို စားစရာလေးပို့မည့်အကြောင်း ပြောပြလိုက်ပါသည်။

အဲဒီ မမ က ထပ်ပြီး "နောက်ဆို စာတိုက်ရဲ့ Marketplace ကနေ မြန်မာ့စားစရာတွေ တိုက်ရိုက်ဝယ်လို့ ရပါတယ်။

> ❝ ရှေးနှစ်ပေါင်းများစွာကတည်းက လုပ်ခဲ့တဲ့စာ၊ ပစ္စည်းပေးပို့တဲ့လုပ်ငန်းတွေအပြင် လုပ်ငန်းသစ်တွေကိုလည်း တိုးချဲ့လုပ်နေကြတာပါ။ ငွေပို့လွှာလုပ်ငန်းတွေဆို မြန်မာနိုင်ငံမှာ စာတိုက်လုပ်ငန်း စခဲ့တဲ့ ၁၈၂၇ ခုနှစ်လောက်ကတည်းက ရှိခဲ့တာ။ နိုင်ငံအနှံ့စာတိုက်တွေအကြားမှာ ငွေပို့လွှာစာရွက်လေးတွေကနေပဲ မိဘနဲ့ သားသမီး အစ၊ မိတ်ဆွေတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအဆုံး ငွေပို့ခဲ့ကြတာ၊ ရိုးရိုးငွေပို့လွှာကနေပြီး အမြန်ငွေပို့လွှာဆိုပြီး Fax စက်တွေနဲ့ ပိုမိုမြန်ဆန်အောင် ဆောင်ရွက်နိုင်ခဲ့ကြတယ်။ လက်ရှိမှာတော့ Online Money Order ဆိုပြီး ပိုမိုမြင်သာအောင် အချိန်နဲ့တစ်ပြေးညီ သိရှိအောင် လုပ်ထားပြီးပါပြီ။ အခုခေတ်မှာ ဘဏ်တွေပေါ်လာတော့ ငွေပို့ငွေယူ အများကြီးမရှိတော့ပေမယ့် ဘဏ်တွေနဲ့ပူးပေါင်းပြီး ငွေသွင်းငွေထုတ်ကိုယ်စားလှယ်အနေနဲ့ ပူးပေါင်းဆောင်ရွက်တာတွေ၊ Mobile Money Agent တွေ ဆက်လုပ်နေပါတယ် ❞

စာမျက်နှာ ၇ သို့

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း

## မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၆**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံတပ်နယ်၊ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံကြည့်ရှု၍ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။ (ယာပုံ)

ထို့နောက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



# ပဲခူးမြို့အတွင်း ရေစီးရေလာကောင်းမွန်စေရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိ

**ပဲခူး အောက်တိုဘာ ၆**

ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက် ရေကြီးနစ်မြုပ်မှုလျော့နည်းသက်သာစေရေး ပန်းဆိုးချောင်း တူးဖော်နေမှု၊ ပုဏ္ဏားစုရပ်ကွက် ဟံသာဝတီရေးဟောင်းကျုံး ရေစီး



ရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှု၊ မုန်တိုင်ကျေးရွာ ရေနစ်မြုပ်မှုကာကွယ်ရေး ရေထုတ်ချောင်းရိုး ပြန်လည်အဆင့်မြှင့်တင်ပေးနေမှု၊ ဥဿာမြို့သစ် (၇) ရပ်ကွက်အတွင်း ရေဝပ်မှုမရှိစေရေး ရေလမ်းကြောင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြစ်ချောင်းများ စနစ်တကျစီးဆင်းစေရေး၊ ရေကြီးရေလျှံမှုလျော့နည်းစေရေး၊ စိုက်ပျိုးရေနှင့် သောက်သုံးရေတို့အတွက် အကျိုးရှိရှိ အသုံးချနိုင်စေရေး ဆောင်ရွက်ကြရန်၊ ရပ်ကွက်အတွင်း၌ ရေဝပ်ကျန်ရှိမှုမရှိစေရေး၊ ဟံသာဝတီ ရေးဟောင်းကျုံးအတွင်း ရေဝင်၊ ရေထွက် ကောင်းမွန်စေရေးနှင့် ရေထုတ်မြောင်းများ၌ အမှိုက်များ ပိတ်ဆို့မှုမရှိစေရေး မြို့နယ်များအလိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၆**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီး ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

shop.myanmarpost.com.mm ကနေ MSME တွေရဲ့ ထုတ်ကုန်တွေရောင်းပေးနေပါတယ်။ စာတိုက်တံဆိပ်ခေါင်းစုချင်တဲ့ ဝါသနာရှင်တွေလည်း ဒီစာတိုက်ရဲ့ Shop ကနေပဲ ဝယ်ယူစုဆောင်းနေကြတာ”ဆိုပြီး ထပ်ပြောပြပါသည်။

“ဟုတ်လားမမ။ ဒါဆို အိမ်ကဖေဖေက တံဆိပ်ခေါင်းစုတာ ဝါသနာပါတယ်။ စာတိုက်အထိ သွားဝယ်စရာမလိုတော့ဘူး၊ အွန်လိုင်းကနေပဲ ဝယ်လို့ရတဲ့အကြောင်း ဖေဖေ့ကို ပြောပြရမယ်။ သူငယ်ချင်းကိုလည်း သူစားချင်တာရှိရင် စာတိုက် Shop ကနေ ဝယ်လို့ရတဲ့အကြောင်း ပြောလိုက်ပါမယ်”

“ဝယ်ရုံတင်မက ရောင်းလို့လည်းရတယ်နော် ညီမ” ဆိုပြီး ထပ်ပြောပြသည်။

မေမေက အိမ်၌ ဆိုင်ဖွင့်၍ အိမ်တွင်းစီးပွားရေးအနေဖြင့် ပြည်တွင်းဖြစ် ချည်ထည်များချုပ်ပြီး ရောင်းချနေသည့်အတွက် အွန်လိုင်းမှ တိုးချဲ့ပြီးရောင်းဖို့စီစဉ်နေတာဆိုတော့ စိတ်ဝင်စားမိသွားပြန်သည်။

ထို့ကြောင့် “Myanmar Post Shop မှာ အွန်လိုင်းကရောင်းပြီး ငွေရောကောက်ပေးပါသလား”ဟုမေးလိုက်သည်။

“ရတာပေါ့။ ကောက်လို့ရတဲ့ငွေတွေကို ညီမလေးရဲ့ Bank Account ထဲထည့်ပေးမှာ။ ညီမကို အစ်မတို့ စာတိုက်ရဲ့ e-post system အသုံးပြုခွင့်ပေးပြီး အိမ်ကနေ အဆင်သင့်ထုပ်ပိုးပြီးမှ နီးစပ်ရာ စာတိုက်မှာ သွားပို့လို့လည်းရသလို Pick Up ပါ ခေါ်လို့ရတယ်။ ငွေသားလုံးဝကိုင်စရာမလိုတော့ လုပ်ငန်းမှာ ပွင့်လင်းမြင်သာမှုရှိတာပေါ့ကွယ်”

“အဲဒီလိုဆိုရင် တော်တော်ကောင်းပါတယ်။ ညီမ ပြန်လာခဲ့မယ်နော်။ ဘာအချက်အလက်တွေ လိုသလဲမသိဘူး”

“တစ်ခေါက်ပြန်လာနေရမှာ ပင်ပန်းပါတယ်ကွယ်။ Myanmar Post Website ကနေ လျှောက်ထားရုံပဲ။ လိုအပ်တဲ့ စာရွက်စာတမ်းတွေ အကုန်ဖော်ပြပေးထားပါတယ်။ စာရွက်စာတမ်းပြည့်စုံရင် အခုတစ်ခါတည်း အသုံးပြုခွင့်ရပါတယ်။ အပျောက်အရှအတွက် စိတ်မပူနဲ့နော်။ ပါဆယ်အာမခံ (Parcel Insurance) ယူလို့ရတော့ လုံခြုံစိတ်ချရတာပေါ့ကွယ်”

“အစ်မတို့ စာတိုက်မှာမရတာ ဘာမှမရှိသလိုပဲနော်”ဟု စနောက်မိသည်။

“ဒါပေါ့ညီမရယ်။ စာတိုက်ရဲ့ Vision က “လူတိုင်းအတွက်မြန်မာ့စာတိုက်- Myanmar Post for Everyone” ပဲလေ”တဲ့။

“တခြားကော ဘာဝန်ဆောင်မှုတွေများ ရှိပါသေးသလဲ”

“ရှေးနှစ်ပေါင်းများစွာကတည်းက လုပ်ခဲ့တဲ့စာ၊ ပစ္စည်းပေးပို့တဲ့လုပ်ငန်းတွေအပြင် လုပ်ငန်းသစ်တွေကိုလည်း တိုးချဲ့လုပ်နေကြတာပါ။ ငွေပို့လွှာလုပ်ငန်းတွေဆို မြန်မာနိုင်ငံမှာ စာတိုက်လုပ်ငန်းစခဲ့တဲ့ ၁၈၂၇ ခုနှစ်လောက်ကတည်းက ရှိခဲ့တာ။ နိုင်ငံအနှံ့စာတိုက်တွေအကြားမှာ ငွေပို့လွှာစာရွက်လေးတွေကနေပဲ မိဘနဲ့ သားသမီး အစ၊ မိတ်ဆွေတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအဆုံး ငွေပို့ခဲ့ကြတာ၊ ရိုးရိုးငွေပို့လွှာကနေပြီး အမြန်ငွေပို့လွှာဆိုပြီး Fax စက်တွေနဲ့ ပိုမိုမြန်ဆန်အောင် ဆောင်ရွက်နိုင်ခဲ့ကြတယ်။ လက်ရှိမှာတော့ Online Money Order ဆိုပြီး ပိုမိုမြင်သာအောင် အချိန်နဲ့တစ်ပြေးညီ သိရှိအောင် လုပ်ထားပြီးပါပြီ။ အခုခေတ်မှာ ဘဏ်တွေပေါ်လာတော့ ငွေပို့ငွေယူ အများကြီးမရှိတော့ပေမယ့် ဘဏ်တွေနဲ့ပူးပေါင်းပြီး ငွေသွင်းငွေထုတ် ကိုယ်စားလှယ်အနေနဲ့ ပူးပေါင်းဆောင်ရွက်တာတွေ၊ Mobile Money Agent တွေ ဆက်လုပ်နေပါတယ်”

“တစ်နိုင်ငံလုံးမှာ စာတိုက်ပေါင်း ဘယ်လောက်ရှိပါသလဲ”

“အခုလက်ရှိမှာ ၈၁၅ ရုံးရှိပြီး တစ်နိုင်ငံလုံးနေရာအနှံ့ ကွန်ရက်ဖြန့်ကြက်ထားပါတယ်။ ၁၉၉၂ ခုနှစ်ကတည်းက အမြန်ချောလုပ်ငန်း စတင်ခဲ့ပြီး အခု ရုံး ၃၉၉ ရုံးရှိပြီ။ အမြန်ချောလုပ်ငန်းကို အဆင့်မြှင့်တင်ဖို့ ၂၀၀၉ ခုနှစ်မှာ Domestic Express Mail System (DEMS) ဆိုပြီး Tracking system ကို နည်းပညာအသုံးပြုပြောင်းလဲခဲ့တာပါ။ ၂၀၁၀ မှာ Postal Data Information System ဆိုပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ စာတိုက်တစ်ခုချင်းစီရဲ့ အချက်အလက်တွေ၊ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေတွေကို အွန်လိုင်းကတစ်ဆင့် နေ့စဉ် ချိတ်ဆက်ပြီး ကြီးကြပ်ကွပ်ကဲနိုင်ခဲ့တယ်”

“အခုလက်ရှိသုံးနေတဲ့ Delivery Monitoring System ကို ၂၀၁၇ ခုနှစ်မှာ အဲဒီစနစ် နှစ်ခုလုံးပါပြီး တစ်နေရာတည်းကနေ စာတိုက်လုပ်ငန်းကြီးတစ်ခုလုံးကို ကြီးကြပ်နိုင်နေပါပြီ”

“ညီမလေးတို့ စာတိုက်ကောင်တာမှာ စောင့်ရတဲ့အချိန်သက်သာဖို့ Smart Envelope တွေကိုလည်း အသုံးပြုလို့ရပါတယ်။ ကောင်တာမှာ ဝန်ထမ်းက လိပ်စာတွေ ရိုက်ထည့်ရတဲ့အချိန်ကို စောင့်နေစရာ မလိုတော့ဘူးပေါ့ကွယ်။ Tracking Code ပါပြီးသားဆိုတော့ အဆင်သင့် Application မှာ Trace လိုက်ရုံပါပဲ”

“နည်းပညာတော်တော်သုံးထားတာပဲနော်။ ခုနက ကောင်တာမှာငွေချေတဲ့အခါ MMQR နဲ့ ချေလို့ရတယ်ဆိုတော့ ငွေသားပေးချေမှုတွေ လျော့နည်းသွားမှာပေါ့နော်”

“ဟုတ်ပါတယ်။ ကောင်တာမှာ ဝန်ဆောင်ခတွေအားလုံးရော၊ တံဆိပ်ခေါင်းဝယ်တာကအစ အကုန် MMQR သုံးပြီး ပေးဆောင်နိုင်အောင်လုပ်ထားပါတယ်။ ပြီးတော့ လျှပ်စစ်မီတာခပေးချေတာ၊ ကားလက်မှတ်၊ လေယာဉ်လက်မှတ်တွေဝယ်တာ၊ ကားအာမခံ၊ မီးအာမခံ ဝယ်တာ စတဲ့ ဝန်ဆောင်မှုအသစ်တွေလည်း ပေးနေပါတယ်။ ပြည်သူတွေအားလုံး စာတိုက်ကိုရောက်တာနဲ့ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးနိုင်အောင် လုပ်ငန်းအသစ်တွေကို တိုးချဲ့လုပ်နေတာပါ။ နိုင်ငံတကာမှာလို အစိုးရနဲ့ ပြည်သူအကြား ဆောင်ရွက်ပေးနိုင်တဲ့လုပ်ငန်းတွေအားလုံးကို ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ ကြိုးစားနေပါတယ်”

“အခုလိုသိချင်သမျှ စိတ်ရှည်ရှည်နဲ့ ဖြေပေးတဲ့မမကို အလွန်ကျေးဇူးတင်ပါတယ်”

“အစ်မက ပိုပြီးကျေးဇူးတင်ရမှာပါ။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ မြန်မာ့စာတိုက်လုပ်ငန်းက ခေတ်အဆက်ဆက် နောက်ကျကျန်မနေဘဲ ပြည်သူတွေအတွက် ဘာတွေလုပ်ပေးနေလဲဆိုတာ ပြောပြပေးခွင့်ရလို့ပါ။ နောင်ပစ္စည်းပို့ချင်ရင် စာတိုက်ကို သတိရလိုက်ပါနော် ညီမ”

ကျေးဇူးတင်စကားပြောပြီး အပြန်လမ်းမှာတော့ ခေတ်ကာလရှည်လျားစွာတည်ရှိနေခဲ့သည့် စာတိုက်လုပ်ငန်းမှာ အခုအချိန်အထိ ရှင်သန်ရပ်တည်ဖို့၊ ဝင်ငွေတွေတိုးတက်ရရှိဖို့၊ နိုင်ငံတကာအဆင့်မီ လိုက်ပါဆောင်ရွက်ကြိုးစားနေကြသည့် မြန်မာ့စာတိုက်လုပ်ငန်းဝန်ထမ်းများကို လေးစားစိတ်များဖြစ်ပေါ်လာပါသည်။ ယခုလို စာတိုက်ကိုချစ်သည့်စိတ်ဖြင့် ဆက်ကြိုးစားနေကြသော ဝန်ထမ်းများနှင့်သာဆိုလျှင် ကျွန်မတို့နိုင်ငံ၏ စာတိုက်လုပ်ငန်းက ခေတ်အဆက်ဆက်ရှင်သန်နေဦးမည်ဟု ဂုဏ်ယူတွေးတောနေမိပါတော့သည်။ ။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း၏ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သန်လျင် တပ်နယ် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများ၊ တပ်မတော် (ရေ) နှင့် ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ တပ်ဖွဲ့ဖွဲ့စည်းခြင်း (၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် Recreation Center ဖွင့်ပွဲကို ကျင်းပပြုလုပ်ရာ ဦးစွာ တာဝန်ရှိသူတစ်ဦးက အဆိုပါအဆောက်အအုံ တည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကမ်းခြေစောင့်တပ်ဖွဲ့ (၅) နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### အမွှေးနံ့သာရည်များ ပက်ဖျန်း

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က Recreation Center အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ကမ်းခြေစောင့်တပ်ဖွဲ့ တည်ထောင်ခြင်း (၅)နှစ်ပြည့် အထိမ်းအမှတ် တပ်နှစ်ပတ်လည်နေ့ အခမ်းအနား၌ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက အမြော်အမြင် ကြီးမားစွာဖြင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၁ခုနှစ်တွင် စတင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် အတွင်းပိုင်းရေပြင်မှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာအတွင်း ရေကြောင်းဆိုင်ရာ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများအား တာဝန်ခံစီမံကွပ်ကဲဆောင်ရွက်ရန်၊ အမျိုးသားရေကြောင်းအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ရန်၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပင်လယ်ဖြတ်ကျော် မှုခင်းများနှိမ်နင်းရန်၊ သတင်းအချက်အလက်များ ဖလှယ်ရန်၊ နိုင်ငံတကာ ကမ်းခြေစောင့်တပ်ဖွဲ့များနှင့်ချိတ်ဆက်ပြီး သံတမန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် စစ်မက်ကာလတွင် တပ်မတော်(ရေ)အား အထောက်အကူပြုရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ ပင်လယ်ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွားနှင့် အဏ္ဏဝါပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ပင်မ ကမ်းခြေကမ်းရိုးတန်းမှ သီးသန့်စီးပွားရေးဇုန်အထိ ရေပြင်၊ ဝေဟင်နှစ်ရပ်စလုံးမှ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်စွမ်းရှိသည့် အရည်အချင်းပြည့်ဝသော ကမ်းခြေစောင့်တပ်ဖွဲ့ ဖြစ်လာရမည်ဆိုသည့် မျှော်မှန်းချက်အမြင်ဖြင့် တည်ထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့မြန်မာ့ပင်လယ်ပြင်သည် နိုင်ငံတော်၏ ကုန်သွယ်ရေး National Trade အတွက် အရေးပါသည့် အသက်သွေးကြောဖြစ်သကဲ့သို့ အင်ဒို-ပစိဖိတ်ဒေသနှင့် အိန္ဒိယသမုဒ္ဒရာ၊ အရှေ့တောင်အာရှနှင့် တောင်အာရှ၊ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံကြီးများဖြစ်သော တရုတ်နှင့် အိန္ဒိယတို့ကို ဆက်သွယ်ပေးထားသည့် ပထဝီနိုင်ငံရေး ပေါင်းကူးဆက်စပ်ရပ်ဝန်းလည်းဖြစ်ကြောင်း။

ယနေ့အချိန်တွင် မိမိတို့နိုင်ငံသည် ပြည်သူလူထုက ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်အစိုးရသစ်၏ ဦးဆောင်မှုနှင့်အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်လျက် ရှိကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာမြောက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ထိုသို့ ပူးပေါင်း ဆောင်ရွက်မှုများတွင် ပင်လယ်ရေကြောင်းကဏ္ဍများနှင့် ပင်လယ်ပြာ စီးပွားရေးလုပ်ငန်းများလည်း အများအပြား ပါဝင်လျက်ရှိကြောင်း။

ပင်လယ်ရေကြောင်းဆိုင်ရာ ကိစ္စရပ်များသည် ကျယ်ပြန့်နက်နဲသည့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ ဥပဒေကြောင်းဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာစံနှုန်းဆိုင်ရာ ကိစ္စရပ်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ဆက်နွှယ်နေသည်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပင်လယ်ရေကြောင်းဆိုင်ရာ မူလစွမ်းရည် Maritime Potential ကို ထိရောက်စွာအသုံးချနိုင်ပြီး ပင်လယ်ရေကြောင်းဆိုင်ရာ ကဏ္ဍများတွင် နိုင်ငံတော်၏ ပုံရိပ်ကောင်းနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

တပ်ဖွဲ့၏ တာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံတော်၏ ပင်လယ်ရေကြောင်း အကျိုးစီးပွားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် ပင်လယ်ရေကြောင်း တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခြင်းအပြင် ပင်လယ်ရေကြောင်းလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး စသည့် တာဝန်များကိုလည်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ယင်းတာဝန်များသည် တပ်ဖွဲ့စတင်ဖွဲ့စည်းစဉ်ကပင် သတ်မှတ်ပေးထားသည့် တပ်ဖွဲ့၏စွမ်းရည်များပင်ဖြစ်ကြောင်း။

မြန်မာ့ပင်လယ်ပြင်အတွင်း ရေလုပ်သားနှင့် ရေကြောင်းသွားလာသူများကို အကာအကွယ်ပေးရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် လူသားချင်းစာနာအကူအညီပေးရေး၊ တရားမဝင်မှောင်ခိုလုပ်ငန်းနှင့် အကောက်အခွန်မဲ့ပစ္စည်း တားဆီးကာကွယ်ရေး၊ ပင်လယ်ဓားပြ တားဆီးကာကွယ်ရေး၊ လူမှောင်ခို၊ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းမှောင်ခို တားဆီးကာကွယ်ရေး တာဝန်များအပြင် နိုင်ငံတော်၏ ပင်လယ်ရေကြောင်း ထိန်းချုပ်နေရာ ကာကွယ်ရေး (Choke Point Control) နှင့် သံတမန်ရေး တာဝန်များကို တပ်မတော်(ရေ)၊ ရေကြောင်းရဲတပ်ဖွဲ့များနှင့် ဟန်ချက်ညီစွာ လက်တွဲဖော်ဆောင်သွားကြရန် လိုကြောင်း။

ကမ်းခြေစောင့် တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များကို ထိုကဏ္ဍများတွင် လက်တွေ့ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ သင်တန်းများစေလွှတ်ပြီး သင်ကြားလေ့ကျင့်ပေးလျက် ရှိကြောင်း၊ ထို့ကြောင့် တပ်ဖွဲ့ဝင်များအနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များတွင်ရှိသင့်သည့် စွမ်းရည်မြင့်မားမှု၊ နိုင်ငံတကာသုံး ဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုနှင့် ပင်လယ်ရေကြောင်းဥပဒေဆိုင်ရာ ကျွမ်းကျင်မှုများရှိအောင် ကြိုးစားသင်ယူနေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ကမ်းခြေစောင့်တပ်ဖွဲ့အတွက် ကမ်းလွန်ကင်းလှည့်ရေယာဉ်များ၊ အမြန်သွားကင်းလှည့် ရေယာဉ်များနှင့် ရေယာဉ်ငယ်များကို ဖြည့်တင်းပေးလျက်ရှိကြောင်း။

မြန်မာ့ပင်လယ်ရေကြောင်း အကျိုးစီးပွားများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဥပဒေနှင့်အညီ ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နိုင်အောင် နိုင်ငံတော်အနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့်အညီ တည်ကြည်ဖြောင့်မတ်ခိုင်မာစွာ မြန်မာ့ပင်လယ်ရေကြောင်း အကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများနှင့် အဏ္ဏဝါဂေဟာစနစ်နှင့် သယံဇာတများကို ဂရုတစိုက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်မှသာ "Good Order at Sea" "ပင်လယ်ပြင် ငြိမ်ဝပ်ပိပြားမှု စနစ်တကျရှိစေရေး" ဆိုသည့် တပ်ဖွဲ့၏ စွမ်းဆောင်ရည် လုပ်ငန်းတာဝန်ကိုလည်း ကျေပွန်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ်းရိုးတန်းနိုင်ငံများ၏ စီရင်ပိုင်ခွင့်အာဏာအတွက် အရေးပါသည့် နိုင်ငံတော်က သဘောတူလက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေ၊ ကွန်ဗင်းရှင်းများနှင့် နောက်ဆက်တွဲစာချုပ်များကိုလည်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ကာ "Good Governance at Sea" ဆိုသည့် "ပင်လယ်ပြင်မှာ ကောင်းမွန်တရားမျှတသော ဥပဒေစိုးမိုးစေရေး" တာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

တပ်ဖွဲ့ဝင်များ အနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့၏ ရည်ရွယ်ချက်များကို အလေးအနက်ထား အကောင်အထည်ဖော်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရာတွင် နိုင်ငံတော်၏ ပင်လယ်ရေကြောင်း အကျိုးစီးပွားနှင့် ရေကြောင်းသယံဇာတများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတာဝန်ကိုကျေပွန်အောင်ထမ်းဆောင်ကြရန်၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပင်လယ်ရေကြောင်း အဆောက်အအုံများနှင့်ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများတွင် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။

ကမ်းခြေစောင့် တပ်ဖွဲ့၏ တာဝန်များကို ထမ်းဆောင်ကြရာတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ပိုင်ခွင့် တည်တံ့ခိုင်မြဲရေးကို အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် စွမ်းရည်ထက်မြက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပြီး နိုင်ငံတကာ ကမ်းခြေစောင့် တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ ရှည်လျားသည့် ကမ်းရိုးတန်းနှင့် ကျယ်ဝန်းသည့် မြန်မာ့ရေပြင်နယ်နိမိတ်တစ်လျှောက် အချိန်မရွေး နေရာမရွေး ပေါ်ပေါက်လာနိုင်သည့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုတိုင်းကို တားဆီးကာကွယ်နိုင်စွမ်းရှိပြီး မြန်မာ့ပင်လယ်ပြင်ကို လုံခြုံဘေးကင်းသည့် ပင်လယ်ပြင်၊ တည်ငြိမ်အေးချမ်းသည့် ပင်လယ်ပြင်၊ သန့်ရှင်းသည့်ပင်လယ်ပြင်၊ ပိုမိုထုတ်လုပ်နိုင်စွမ်းရှိသည့် ပင်လယ်ပြင်တစ်ခုဖြစ်အောင် ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

၎င်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ပတ်သက်သည့် အထိမ်းအမှတ်မှတ်တမ်း video ကို ကြည့်ရှုကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ (၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများ၊ ဆိုင်ခန်းများနှင့် ရှာဖွေကယ်ဆယ်ရေး ရေယာဉ်တို့အား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များအား ကမ်းခြေစောင့်တပ်ဖွဲ့ဌာနချုပ်ရုံး အစည်းအဝေးခန်းမတွင် ညွှန်ကြားရေးမှူးချုပ်က ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ကမ်းခြေစောင့်တပ်ဖွဲ့၏ စွမ်းရည်များ၊ ရည်မှန်းချက် တာဝန်များအပေါ်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

လိုက်ပါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်ချက် ကြီးမားစွာ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့ခြင်းဖြစ်သည့်အတွက် ယခုထက်ပိုမို တိုးတက်အောင်မြင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာများကို တပ်ဖွဲ့ဝင်များ နားလည်သိရှိစေရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြင့်မားစေရေးအတွက် လည်း သင်တန်းများ ရွေးချယ်စေလွှတ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ တပ်ဖွဲ့များ၏ လုပ်ငန်းတာဝန်များသည် မတူကွဲပြားသည့်အတွက် တပ်ဖွဲ့များအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်ဝင်းအတွင်း မိသားစုများ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် Digital နှင့် e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

တက္ကသိုလ်များအနေဖြင့် အတိုင်းအတာတစ်ခုအထိ Digital Information System ကို ဆောင်ရွက်ထားပြီးဖြစ်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နည်းပညာအကူအညီများရယူပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် Digital နှင့် e–Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။



ထို့ပြင် Digital Student Information Management System ကို တက္ကသိုလ်အားလုံး အသုံးပြုနိုင်သည့် Common Digital Platform ဖြစ်စေရေး ဆောင်ရွက်ရန်လိုပါကြောင်း၊ Data Security နှင့် ပတ်သက်၍ အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ Hospital Information System ကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဆေးရုံကြီးများတွင် Telemedicine System ကိုလည်းကောင်း၊ FDA အနေဖြင့် e–submission, Digital Payment System များကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်စာကြည့်တိုက်များအားလုံးကို e–Library အဆင့်မြှင့်တင်နိုင်ရေး ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တက္ကသိုလ်အလိုက် လက်ရှိဆောင်ရွက်နေမှုများ၊ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို အချင်းချင်း အတွေ့အကြုံများဖလှယ်ပြီး ဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်းပေးရမည့်အချက်များကိုပါ တင်ပြဆွေးနွေးစေလိုကြောင်းနှင့် လိုအပ်သည်များ ပံ့ပိုးသွားမည်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက Digital Information System အကောင်အထည်ဖော်ရန် ချိတ်ဆက်ဆောင်ရွက်သင့်သည့်အစီအစဉ်များ၊ တက္ကသိုလ်တစ်ခုစီတွင် ကိုယ်စားလှယ်ထားရှိနိုင်ရေးနှင့် Data Security ပိုင်းအတွက် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အသိအမှတ်ပြုထားသော ကုမ္ပဏီများဖြင့်သာ ချိတ်ဆက်ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက မိမိတို့တက္ကသိုလ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် e–Library System, Webpage, Learning Management System, Student Information System များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များသည် Naypyitaw State Polytechnic University(NSPU) တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Campus Monitoring System, Moodle Learning Management System တို့ကို သွားရောက်လေ့လာကြသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပညာရပ်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးကျေးရွာ၌ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက် ပေးလျက်ရှိသည့် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းများ အခြေအနေကို ယမန်နေ့နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ပျားမွေးမြူသူများအား ပျားရည်ထုတ်လုပ်ရာတွင် လိုအပ်သည့် ပျားရည်ထုတ်စက်နှင့် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ ယာဉ်၊ ယန္တရားကြီးများ ကြံ့ခိုင်မှု၊ ထိန်းသိမ်းထားရှိမှု၊ ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုနှင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် တမာကုန်းကျေးရွာအုပ်စု တမာကုန်း(မြောက်ရွာ) တွင် သောက်သုံးရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် ၄ လက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှု အခြေအနေ၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကန်ဆွယ်ကျေးရွာအုပ်စု မြသုခကျေးရွာအနီး အနောက်ပြက္ခရွှေတောင်ပေါ်ရှိစွယ်တော်မြတ်စေတီသို့ ဖောက်လုပ်ထားရှိသည့် တောင်တက်မြေသားလမ်း ၄ မိုင် ဖောက်လုပ်ပြီးစီးမှု၊ အဆိုပါလမ်းပေါ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်လမ်း၊ Box Culvert၊ ကျောက်စီရေမြောင်း၊ ကွန်ကရစ်ရေကျော်၊ ကွန်ကရစ်မြေထိန်းနံရံလုပ်ငန်းများ၊ ပြက္ခရွှေတောင်ပေါ်ရှိစွယ်တော်မြတ်စေတီ ပရိဝုဏ်အတွင်း ဆောင်ရွက်လျက်ရှိသည့် (၅၀ x ၃၀ x ၂၄) ပေ RC နှစ်ထပ်ဓမ္မာရုံ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် ဖလမ်းမြို့အတွင်း တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**ဖလမ်း အောက်တိုဘာ ၆**

ဖလမ်းမြို့အတွင်း တည်ဆောက်ရေး လုပ်ငန်းများအဖြစ် ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး RC သုံးထပ်ဆောင် ပြုပြင်ခြင်း၊ လမ်းဦးစီးဌာန ရိပ်သာသစ် နှစ်ထပ် အဆောက်အအုံ ပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရုံးအဆောက်အအုံ သုံးထပ်ဆောင် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်နေမှုကို ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဌာနဆိုင်ရာအဆောက်အအုံများ ပြုပြင်ခြင်းသည် ရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့ပြီး ပြည်သူများအား ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် လုပ်ငန်းပြီးစီးသည်နှင့် တစ်ပြိုင်တည်း သက်ဆိုင်ရာ ဌာနဆိုင်ရာများက ရုံးလုပ်ငန်းများ အမြန်ဆုံး လည်ပတ်ဆောင်ရွက်နိုင်ရေး ဦးစားပေးဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် လမ်းဦးစီးရိပ်သာဟောင်း ပြုပြင်ဆောင်ရွက်နေမှုနှင့် ယာယီရုံး ဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နိုင်ငံ့ဝန်ထမ်းအိမ်ရာ သုံးထပ်ဆောင် ပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဖလမ်းမြို့၌ တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ စိတ်ချမ်းသာစွာဖြင့် အခြေပြုနေထိုင်ကာ တာဝန်ထမ်းဆောင်နိုင်ရေး စေတနာထားဆောင်ရွက်ရန်၊ ဆယ်တင်ပစ္စည်းများ အလေအလွင့်မဖြစ်စေရေး စီမံဆောင်ရွက်ရန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများ စနစ်တကျ ဖယ်ရှားရှင်းလင်းရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ စနစ်တကျ ထားရှိဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဖြေရှင်းကြရမည့် အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ

သစ်တောမောင်

### အစိုင်အခဲစွန့်ပစ်ပစ္စည်းများ

၂၁ ရာစုတွင် ကမ္ဘာတစ်ဝန်း၌ မြို့ပြစနစ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း တိုးတက်လာသည်နှင့်အမျှ ထိုဖွံ့ဖြိုးမှု၏ နောက်ဆက်တွဲအဖြစ် ကြီးမားသော ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းမှာ ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာဖြစ်ပြီး အထူးသဖြင့် "အစိုင်အခဲစွန့်ပစ်ပစ္စည်းများ (Solid Waste) နှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ" ဖြင့် မြို့ပြညစ်ညမ်းလာမှုဖြစ်ပါသည်။

မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်းသည် လူနေမှုအဆင့်အတန်း၊ စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုများ တိုးတက်လာစေသကဲ့သို့ အစိုင်အခဲစွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ စုပုံများပြားလာမှုနှင့်အတူ ရေထု၊ လေထု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုလည်း တစ်ပြိုင်နက်ဖြစ်ပေါ်စေနိုင်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် အစိုင်အခဲစွန့်ပစ်ပစ္စည်း ထွက်ရှိမှုမှာ ၂၀၂၃ ခုနှစ်တွင် တစ်နှစ်လျှင် ၂ ဒသမ ၁ ဘီလီယံတန်ခန့် ရှိခဲ့ပြီး လက်ရှိလုပ်ငန်း



စဉ်များ၊ လက်ရှိနှုန်းအတိုင်း ဆက်လက်သွားပါက ၂၀၅၀ ပြည့်နှစ်တွင် ၃ ဒသမ ၈ ဘီလီယံတန်အထိ တိုးပွားလာနိုင်သည်ဟု ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (UNEP) ၏ Global Waste Management Outlook 2024 တွင် ခန့်မှန်းဖော်ပြထားပါသည်။

ထို့ကြောင့် စွန့်ပစ်ပစ္စည်းပြဿနာသည် "မြို့သန့်ရှင်းရေး" ပြဿနာတစ်ခုသာဟု သာမန်ရှုမြင်သဘောထားရုံဖြင့် မရတော့ဘဲ ပတ်ဝန်းကျင်၊ ပြည်သူ့ကျန်းမာရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဂေဟစနစ်နှင့် လူမှုစီးပွားရေးတို့နှင့် ဆက်စပ်နေသော ပြဿနာကြီး တစ်ရပ်အဖြစ် ရှုမြင်ပြီး စနစ်တကျဖြေရှင်းဆောင်ရွက်ရန် လိုအပ်လာပါသည်။

### ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ

မြို့ပြများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအနက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများက အထူးအရေးကြီးသောပြဿနာ ဖြစ်လာပါသည်။ ပလတ်စတစ်သည် ပေါ့ပါးခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ အသုံးပြုရလွယ်ကူခြင်းတို့ကြောင့် အစားအသောက်ထုပ်ပိုးမှု၊ ရေသန့်ဘူး၊ ပလတ်စတစ်အိတ်၊ စားသောက်ကုန်ထုပ်ပိုးမှု၊ အိမ်သုံးပစ္စည်းများ စသည့်တို့တွင် အလွန်ကျယ်ပြန့်စွာ အသုံးပြုနေခြင်းဖြစ်ပါသည်။ တစ်ခါသုံး ပလတ်စတစ်များသည် အသုံးပြုချိန်တိုသော်လည်း စွန့်ပစ်ပြီးနောက် ပတ်ဝန်းကျင်အတွင်း အချိန်ကြာမြင့်စွာ တည်ရှိနိုင်သောကြောင့် အထူးစိုးရိမ်ရသည့် စွန့်ပစ်ပစ္စည်းအမျိုးအစားဖြစ်လာပါသည်။



စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (OECD) ၏ Global Plastics Outlook အစီရင်ခံစာအရ ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုသည် ၂၀၀၀ ပြည့်နှစ်တွင် တန်ချိန် ၂၃၄ သန်းမှ ၂၀၁၉ ခုနှစ်တွင် တန်ချိန်သန်း ၄၆၀ အထိ နှစ်ဆနီးပါး တိုးလာခဲ့ပါသည်။ ထိုကာလအတွင်း ပလတ်စတစ်စွန့်ပစ်ပစ္စည်းမှာ ၁၅၆ သန်းတန်မှ ၃၅၃ သန်းတန်အထိ နှစ်ဆကျော် တိုးမြင့်လာခဲ့ပါသည်။ ထိုအခြေအနေအတိုင်း ဆက်လက်သွားပါက ကမ္ဘာ့ပလတ်စတစ် စွန့်ပစ်ပစ္စည်းထွက်ရှိမှုသည် ၂၀၆၀ ပြည့်နှစ်တွင် တန်ချိန် ၁ ဒသမ ၀၁၄ ဘီလီယံအထိ တိုးမြင့်လာနိုင်သည်ဟု OECD က ခန့်မှန်းထားပါသည်။

### စွန့်ပစ်ပစ္စည်းထွက်ရှိသည့် အရင်းအမြစ်များ

မြို့ပြနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အစိုင်အခဲစွန့်ပစ်ပစ္စည်းများနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ထွက်ရှိသည့် အရင်းအမြစ်များမှာလည်း ပိုမိုများပြားလာပါသည်။ နေအိမ်များ/အိမ်ထောင်စုများ၊ စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ စက်ရုံနှင့် အလုပ်ရုံများ၊ ဆောက်လုပ်ရေးနှင့်ဖြိုဖျက်ရေးလုပ်ငန်းများ၊ဆေးရုံနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် စွန့်ပစ်ပစ္စည်းများ ထွက်ရှိသော အဓိကအရင်းအမြစ်များ ဖြစ်ပါသည်။

အများဆုံးတွေ့ရသည့် စွန့်ပစ်ပစ္စည်းများမှာ စားကြွင်းစားကျန်များ၊ စက္ကူ၊ ကတ်ထူပုံးများ၊ အထည်ဟောင်းများ၊ ဖန်ဘူး၊ ဖန်ခွက်များ၊ တစ်ခါသုံး ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများ၊ စားသောက်ကုန်ထုပ်ပိုးသည့် ပလတ်စတစ်ခွံများ၊ အိမ်သုံးပလတ်စတစ်ပစ္စည်းဟောင်းများ၊ ရေသန့်ဘူးများ၊ ဆပ်ပြာ/ ခေါင်းလျှော်ရည်ဘူးများ၊ အရက်/ ဘီယာပုလင်းနှင့် ဘူးများ၊ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်မှ ထွက်ရှိသည့် ဓာတုပစ္စည်းများ၊ အနည်အနှစ်များ၊ အဆိပ်အတောက်များနှင့် အဆီများပါဝင်သည့် ရေဆိုးများ၊ တည်ဆောက်ခြင်းနှင့် ဖြိုဖျက်ခြင်းတို့မှ ထွက်ရှိသည့် အုတ်ခဲ၊ ကွန်ကရစ်စ၊ သဲ၊ ကျောက်၊ သတ္တု၊ သစ်သားနှင့် မှန်စများ၊ ဂွမ်း၊ ပတ်တီး၊ ဆေးဘူးခွံများ၊ စက္ကူထုပ်များ၊ တစ်ခါသုံးဆေးထိုးပြွန်များ၊ ပိုက်ပျော့များ၊ သွေးအိတ်/ ပုလင်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံများမှ သီးနှံရိတ်သိမ်းပြီး ကျန်ရှိသည့် ရိုးပြတ်များ၊ သစ်သီးခွံများ၊ အော်ဂဲနစ် စွန့်ပစ်ပစ္စည်းများ စသည်တို့ဖြစ်ပါသည်။




၂၀၂၄ ခုနှစ် အာဆီယံမြို့ကြီး ကိုးမြို့ကို လေ့လာထားသည့်စာတမ်းတွင် စွန့်ပစ်ပစ္စည်း ထွက်ရှိနှုန်းသည် လူတစ်ဦးမှ တစ်ရက်လျှင် ၀ ဒသမ ၆၃ ကီလိုဂရမ်မှ ၁ ဒသမ ၃၅ ကီလိုဂရမ်အတွင်း ရှိသည်ဟု ဆိုပါသည်။ အကြမ်းဖျင်းအားဖြင့် အာဆီယံမြို့ကြီးတစ်မြို့တွင် အစိုင်အခဲစွန့်ပစ်ပစ္စည်း တစ်ရက်လျှင် တန်ချိန် ၂,၀၀၀ မှ ၁၅,၀၀၀ အထိရှိပြီးပလတ်စတစ်စွန့်ပစ်ပစ္စည်းသည် တစ်ရက်လျှင် တန်ချိန် ၂၀၀ မှ ၂,၀၀၀ အထိ ရှိနိုင်ပါသည်။ လူဦးရေ၊ ဝင်ငွေ၊ စားသုံးမှုပုံစံနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုအပေါ်တွင် မူတည်ပြီး မြို့တစ်မြို့နှင့်တစ်မြို့ ကွာခြားနိုင်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) ဖော်ပြချက်အရ ရန်ကုန်မြို့မှ စွန့်ပစ်ပစ္စည်း တစ်ရက်လျှင် တန် ၂,၀၀၀ ခန့်၊ မန္တလေးမြို့မှ တစ်ရက်လျှင် ၉၅၅ တန်ခန့်နှင့် နေပြည်တော်မှ တစ်ရက်လျှင် တန် ၂၀၀ ခန့် ထွက်ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ၂၀၂၅ ခုနှစ်တွင် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ၌ လူတစ်ဦးမှ တစ်ရက်လျှင် စွန့်ပစ်ပစ္စည်း ၀ ဒသမ ၈ ကီလိုဂရမ် ထွက်ရှိကြောင်း ခန့်မှန်းထားပါသည်။ အာဆီယံ၏ ဆဋ္ဌမမြောက် ပတ်ဝန်းကျင်ဆိုင်ရာအစီရင်ခံစာ (Sixth State of the Environment)တွင် ဖော်ပြထားသော ၂၀၁၀ ပြည့်နှစ် အခြေခံအချက်အလက်အရ မြန်မာနိုင်ငံ၏ ပလတ်စတစ်စွန့်ပစ်ပစ္စည်းမှာ တစ်နှစ်လျှင် တန်ချိန် ၁ ဒသမ ၃၇ သန်းရှိပြီး တစ်ဦးလျှင်တစ်ရက် ၀ ဒသမ ၀၇ ကီလိုဂရမ်ခန့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

### အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ကဏ္ဍအသီးသီးအပေါ် သက်ရောက်မှုများ

အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ကဏ္ဍအသီးသီးအပေါ် သက်ရောက်မှုများကို အဓိကအားဖြင့် အောက်ဖော်ပြပါအတိုင်း တွေ့ရှိနိုင်ပါသည်-

၁။ **ကျန်းမာရေးထိခိုက်စေခြင်း။** အစိုင်အခဲစွန့်ပစ်ပစ္စည်းများကို စနစ်တကျသိမ်းဆည်းခြင်း၊ ခွဲခြားခြင်းနှင့် စွန့်ပစ်ခြင်းမပြုပါက လေ၊ ရေ၊ မြေဆီလွှာနှင့် အစားအစာတို့မှတစ်ဆင့် လူ့ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။ စနစ်တကျစီမံထားရှိမှုမရှိသည့် စွန့်ပစ်ပစ္စည်းများမှ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ ထွက်ရှိခြင်း၊ သောက်သုံးရေအရင်းအမြစ်များကို ညစ်ညမ်းစေခြင်းနှင့် ခြင်၊ ယင်၊ ကြွက် အစရှိသည့် ရောဂါသယ်ဆောင်နိုင်သည့် သတ္တဝါများ ပေါက်ပွားနိုင်သည့် ပတ်ဝန်းကျင် ဖန်တီးပေးခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ ပလတ်စတစ်များ ပတ်ဝန်းကျင်တွင် ပျက်စီးခွဲထွက်လာသောအခါ မိုက်ခရိုပလတ်စတစ်များနှင့် အလွန်သေးငယ်သော ပလတ်စတစ်အမှုန်များ ဖြစ်ပေါ်နိုင်ပြီး အသက်ရှူလမ်းကြောင်း၊ နှလုံးနှင့် သွေးကြောစနစ်၊ အူလမ်းကြောင်းဆိုင်ရာတို့ကို ထိခိုက်စေနိုင်ပါသည်။

၂။ **လေထုညစ်ညမ်းခြင်း။** အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ပြဿနာများအနက် အန္တရာယ်အရှိဆုံးတစ်ခုမှာ အမှိုက်မီးရှို့ခြင်းဖြစ်ပါသည်။ ပလတ်စတစ်၊ ရော်ဘာ၊ အော်ဂဲနစ်စွန့်ပစ်ပစ္စည်းနှင့် အခြားအမှိုက်များကို ရောနှောမီးရှို့သည့်အခါ အလွန်သေးငယ်သော အမှုန်အမွှားများနှင့် အခြားအန္တရာယ်ရှိသော လေထုညစ်ညမ်းပစ္စည်းများ ထွက်ရှိပြီး ချောင်းဆိုးခြင်း၊ အရေပြားယားယံခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်စေပါသည်။

၃။ **ရေထု၊ မြေဆီလွှာနှင့် မြစ်ချောင်းများညစ်ညမ်းခြင်း။** ပလတ်စတစ်အိတ်၊ ရေဘူး၊ အစားအသောက်ထုပ်ပိုးပစ္စည်းများသည် မြို့ပြရေမြောင်းများမှတစ်ဆင့် ချောင်းများ၊ မြစ်များနှင့် ပင်လယ်ထဲသို့ ရောက်ရှိနိုင်ပါသည်။ OECD ၏ ၂၀၁၉ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အချက်အလက်အရ ပလတ်စတစ်စွန့်ပစ်ပစ္စည်း ၃၅၃ သန်းတန် ထွက်ရှိခဲ့ပြီး တန်ချိန် ၂၂သန်း



ခန့်သည် ပတ်ဝန်းကျင်ထဲသို့ ယိုစိမ့်မှုဖြစ်ခဲ့ပါသည်။ ပလတ်စတစ်သည် သဘာဝအတိုင်း လွယ်ကူစွာ ဆွေးမြည့်ပျက်စီးသွားခြင်းမရှိဘဲ အချိန်ကြာမြင့်စွာ တည်ရှိနိုင်သောကြောင့် ပတ်ဝန်းကျင်တွင် စုပုံလာပြီး အချိန်ကြာလာသည်နှင့်အမျှ အရွယ်အစားသေးငယ်လာပြီး မိုက်ခရိုပလတ်စတစ်များအဖြစ် မြေဆီလွှာနှင့် ရေထုညစ်ညမ်းမှုကို ဖြစ်စေပါသည်။ အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများကို လေဟာပြင်တွင် စွန့်ပစ်ထားပါက မိုးရေစိမ့်ဝင်ခြင်းမှတစ်ဆင့် မြေဆီလွှာနှင့် မြေအောက်ရေသို့ ညစ်ညမ်းပစ္စည်းများ ရောက်ရှိနိုင်ကာ အပင်ကြီးထွားမှုနှင့် မြေဆီလွှာ ထုတ်လုပ်နိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။

၄။ **ရေကြီးရေလျှံဖြစ်စေခြင်း။** မြို့ပြများတွင် တစ်ခါသုံး ပလတ်စတစ်အိတ်များနှင့် အခြား ပေါ့ပါးသော အမှိုက်များသည် လေ၊ မိုးရေနှင့် ရေစီးကြောင်းများမှတစ်ဆင့် ရေနုတ်မြောင်းစနစ်ထဲသို့ လွယ်ကူစွာ ရောက်ရှိနိုင်ပါသည်။ ပလတ်စတစ်အိတ်များ၊ ရေသန့်ဘူးများ၊ စားသောက်ကုန်ထုပ်ပိုးများ၊ အခြားပေါ့ပါးသောအမှိုက်များ ရေမြောင်းများတွင် စုပုံလာပါက မိုးရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေပြီး ရေတက်မြန်ခြင်း၊ လမ်းများရေကြီးခြင်းနှင့် ရေမြောင်းများ ပိတ်ဆို့စေပြီး ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

*စာမျက်နှာ ၁၁ သို့*

> **"အစိုင်အခဲစွန့်ပစ်ပစ္စည်းများကို စနစ်တကျသိမ်းဆည်းခြင်း၊ ခွဲခြားခြင်းနှင့် စွန့်ပစ်ခြင်းမပြုပါက လေ၊ ရေ၊ မြေဆီလွှာနှင့် အစားအစာတို့မှတစ်ဆင့် လူ့ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။ စနစ်တကျစီမံထားရှိမှုမရှိသည့် စွန့်ပစ်ပစ္စည်းများမှ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ ထွက်ရှိခြင်း၊ သောက်သုံးရေအရင်းအမြစ်များကို ညစ်ညမ်းစေခြင်းနှင့် ခြင်၊ ယင်၊ ကြွက် အစရှိသည့် ရောဂါသယ်ဆောင်နိုင်သည့် သတ္တဝါများ ပေါက်ပွားနိုင်သည့် ပတ်ဝန်းကျင် ဖန်တီးပေးခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ ပလတ်စတစ်များ ပတ်ဝန်းကျင်တွင် ပျက်စီးခွဲထွက်လာသောအခါ မိုက်ခရိုပလတ်စတစ်များနှင့် အလွန်သေးငယ်သော ပလတ်စတစ်အမှုန်များ ဖြစ်ပေါ်နိုင်ပြီး အသက်ရှူလမ်းကြောင်း၊ နှလုံးနှင့် သွေးကြောစနစ်၊ အူလမ်းကြောင်းဆိုင်ရာတို့ကို ထိခိုက်စေနိုင်"**

## ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၁/ ၂၀၂၆)

၁။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံများမှ အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ရေယာဉ်၊ လေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး အောက်တိုဘာလတွင် နိုင်ငံတော်၏ညွှန်ကြားချက်ဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ (၁၄၇၆) ဦးအား မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ကျန်းမာရေးနှင့် လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အပိုဒ် ၃ တွင် "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှု ရခွင့်ရှိသည်"ဟု ဖော်ပြထားပြီး အပိုဒ် ၁၃၊ အပိုဒ်ခွဲ (၂) တွင် "လူတိုင်းတွင် မိမိ၏နိုင်ငံအပါအဝင် မည်သည့်နိုင်ငံမှမဆို ထွက်ခွာပိုင်ခွင့်နှင့် မိမိ၏နိုင်ငံသို့ ပြန်လာပိုင်ခွင့်ရှိသည်"ဟု အတိအလင်း ဖော်ပြထားသည့်အတိုင်း ပြည်ပရောက်နိုင်ငံသားများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဘေးဒုက္ခနှင့် အခက်အခဲများမှ ကင်းလွတ်စေရန် နိုင်ငံတော်အနေဖြင့် အကာအကွယ်ပေးခြင်းနှင့် နေရပ်ပြန်ခွင့်ကို လက်တွေ့ကျကျ ဖော်ဆောင်ပေးခြင်းသည် လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီသော လုပ်ဆောင်ချက်ဖြစ်ပါသည်။

၃။ နိုင်ငံသားတိုင်း ဥပဒေအရ အကာအကွယ်ရရှိစေရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပြည့်ဝစွာရရှိစေရေးနှင့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ မြှင့်တင်ကာကွယ်နိုင်ရေးအတွက် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား နေရပ်သို့ ပြန်လည်ခေါ်ဆောင်သည့် လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြိုဆိုထောက်ခံပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်



## မင်းလှမြို့နယ်၌ သမဝါယမအသင်းစု အရောင်းဆိုင်ဖွင့်

**အထက်မင်းလှ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် သမဝါယမဦးစီးဌာနမှ လူမှုစီးပွားကို အထောက်အကူဖြစ်စေသည့် သမဝါယမစနစ်ကိုအခြေခံ၍ အများပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေးအတွက် မြို့နယ်သမဝါယမအသင်းစု၏ အရောင်းဆိုင်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက သမဝါယမအသင်းစုရုံး၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစံကျော်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇံလှနှင့် အဖွဲ့ဝင်များ တက်ရောက်ဖွင့်လှစ်ကြပြီး ပြည်သူများအတွက် ဆန်၊ ဆီ စားသောက်ကုန်နှစ်မျိုးကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

၅။ **ရေနေသတ္တဝါနှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်ခြင်း။** ပလတ်စတစ်အမှိုက်များသည် ရေနေသတ္တဝါများက စားခြင်း၊ မျိုချခြင်း၊ ပလတ်စတစ်အတွင်း ပိတ်မိခြင်း၊ ရှုပ်ထွေးရစ်ပတ်ခြင်း၊ နေထိုင်ရာပတ်ဝန်းကျင်ပျက်စီးခြင်း၊ အစားအစာကွင်းဆက်ထဲသို့ ပလတ်စတစ်အမှုန်အမွှားများ ဝင်ရောက်ခြင်းဖြင့် ရေနေသတ္တဝါများအပေါ် ဆိုးကျိုးသက်ရောက်မှုများ၊ အန္တရာယ်များ ဖြစ်စေနိုင်ပါသည်။

၆။ **ရာသီဥတုပြောင်းလဲမှုဖြစ်စေခြင်း။** အစိုင်အခဲစွန့်ပစ်ပစ္စည်းများတွင် ပါဝင်သော အော်ဂဲနစ် စွန့်ပစ်ပစ္စည်းများသည် အမှိုက်ပုံများတွင် အောက်ဆီဂျင်မရှိသောအခြေအနေ၌ ဆွေးမြည့်ရာမှ မီသိန်း ($CH_4$) ထွက်ရှိနိုင်ပါသည်။ စနစ်တကျစီမံခန့်ခွဲခြင်းမရှိသော အမှိုက်များသည် မှန်လုံအိမ်ဓာတ်ငွေ့နှင့် အဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများ ထုတ်လွှတ်နိုင်ပြီး ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေပါသည်။

၇။ **စီးပွားရေးအပေါ်သက်ရောက်ခြင်း။** ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (UNEP) ၏ ၂၀၂၄ ခုနှစ် အစီရင်ခံစာအရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့အမှိုက်စီမံခန့်ခွဲမှု၏ တိုက်ရိုက်ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၅၂ ဘီလီယံခန့် ရှိခဲ့ပါသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ကျန်းမာရေးထိခိုက်မှုနှင့် ရာသီဥတုပြောင်းလဲမှုတို့၏ မသိသာသော ကုန်ကျစရိတ်များကိုပါ ထည့်သွင်းတွက်ချက်ပါက အမေရိကန်ဒေါ်လာ ၃၆၁ ဘီလီယံခန့်အထိ ရှိခဲ့ပါသည်။ လက်ရှိအတိုင်းဆက်လက်သွားပါက ၂၀၅၀ ပြည့်နှစ်တွင် နှစ်စဉ်ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၆၄၀ ဒသမ ၃ ဘီလီယံအထိ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားပါသည်။

### အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲခြင်း

အစိုင်အခဲစွန့်ပစ်ပစ္စည်းများနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို သမားရိုးကျပုံစံဖြင့် ဖြေရှင်းခြင်းထက် ဘက်စုံစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အောက်ဖော်ပြပါ ချဉ်းကပ်မှုများဖြင့် ဖြေရှင်းပါက ပိုမို ထိရောက်အောင်မြင်နိုင်မည် ဖြစ်ပါသည်-

၁။ **အရင်းအမြစ်မှစ၍ လျှော့ချခြင်းနှင့် ပြန်လည်အသုံးပြုခြင်း။** စွန့်ပစ်ပစ္စည်းပြဿနာကို ဖြေရှင်းရာတွင် ထွက်ရှိလာမှ သိမ်းဆည်းခြင်းထက် စွန့်ပစ်ပစ္စည်း စတင်ထွက်ရှိမှုပမာဏကို လျှော့ချခြင်းသည် အထိရောက်ဆုံးနည်းလမ်းဖြစ်ပါသည်။

❖ ပြန်လည်အသုံးပြုနိုင်သော စတီး/ဖန်ဘူးများ၊ ထမင်းချိုင့်၊ အထည်အိတ်များကို အစားထိုးအသုံးပြုခြင်းဖြင့် တစ်ခါသုံး ပလတ်စတစ် သုံးစွဲမှု လျှော့ချခြင်း၊ ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်နှင့် သဘာဝအတိုင်း ဆွေးမြည့်လွယ်သော Biodegradable ပစ္စည်းများကို ထုပ်ပိုးမှုများတွင် အစားထိုးပစ္စည်းများအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် ထုပ်ပိုးမှုအလွှာများကို အနည်းဆုံးဖြစ်အောင် ဒီဇိုင်းထုတ်ခြင်းနှင့် ပြန်လည်ဖြည့်တင်းသည့် စနစ်များကို ကျင့်သုံးခြင်း။

၂။ **စွန့်ပစ်ပစ္စည်း ခွဲခြားစွန့်ပစ်ခြင်းနှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း။** စွန့်ပစ်ပစ္စည်းများကို အမျိုးအစားအလိုက် စနစ်တကျခွဲခြားစွန့်ပစ်ခြင်းသည် ပြန်လည်အသုံးပြုနိုင်စွမ်းကို မြှင့်တင်ပေးပါသည်။

❖ စားသောက်ကုန်၊ ဟင်းသီးဟင်းရွက် အကြွင်းအကျန်များ စသည့် ဆွေးမြည့်လွယ်သော အမှိုက်များ၊ ပလတ်စတစ်ဘူး၊ စက္ကူဖန်၊ သတ္တု စသည့် ပြန်လည်ပြုပြင်ထုတ်လုပ်နိုင်သော စွန့်ပစ်ပစ္စည်းများ၊ ဘက်ထရီ၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ဆေးရုံသုံး စွန့်ပစ်ပစ္စည်းများ စသည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ၊ ပြန်လည်ပြုပြင် ထုတ်လုပ်မရသည့် စွန့်ပစ်ပစ္စည်းများဟူ၍ အရင်းအမြစ်များကို ခွဲခြားစွန့်ပစ်ခြင်း။

❖ သန့်စင်ပြီး ပလတ်စတစ်များကို အရည်ကျို၍ ပလတ်စတစ်စေ့များ ပြန်လည်ပြုလုပ်ကာ အိမ်သုံးပစ္စည်း၊ ပိုက်လိုင်းနှင့် အထည်အလိပ်များအဖြစ် ပလတ်စတစ်ပြန်လည်ထုတ်လုပ်ခြင်း၊ ဇီဝနည်းဖြင့် ဆွေးမြည့်နိုင်သောအမှိုက်များမှ ဇီဝမြေဩဇာပြုလုပ်ခြင်း၊ စားသောက်ကုန်နှင့် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာ ပြုလုပ်ခြင်း သို့မဟုတ် ဇီဝဓာတ်ငွေ့အဖြစ် ပြောင်းလဲအသုံးပြုခြင်း။

၃။ **အဆင့်မြင့်နည်းပညာသုံး ဖြေရှင်းနည်းများ။** ပြန်လည်ပြုပြင်ထုတ်လုပ်ရန် ခက်ခဲသော စွန့်ပစ်ပစ္စည်းများကို စွမ်းအင်နှင့် ဆောက်လုပ်ရေးပစ္စည်းများအဖြစ် ပြောင်းလဲခြင်းဖြစ်ပါသည်။

❖ ပြန်လည်အသုံးပြု၍ မရသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျအပူချိန်မြင့် မီးရှို့ပြီး ရရှိလာသော အပူစွမ်းအင်မှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို အောက်ဆီဂျင် မရှိသော အခြေအနေတွင် အပူပေးချေဖျက်၍ လောင်စာဆီအဖြစ် ပြောင်းလဲခြင်း၊ သန့်စင်ထားသော ပလတ်စတစ်အစများကို ကတ္တရာနှင့် ရောစပ်၍ ပလတ်စတစ် ကတ္တရာလမ်းများ ခင်းခြင်း သို့မဟုတ် ပလတ်စတစ်အမှိုက်များကို ဘူးအတွင်း ဖိသိပ်ထည့်သွင်း၍ Ecobricks များအဖြစ် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုခြင်း။



၄။ **မူဝါဒ၊ စီမံခန့်ခွဲမှုနှင့် အသိပညာပေးခြင်း။** နည်းပညာအပြင် အုပ်ချုပ်ရေးနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် လွန်စွာအရေးပါဝင်ပါသည်။

❖ ပလတ်စတစ်ထုတ်လုပ်သည့် ကုမ္ပဏီများ/ လုပ်ငန်းများအနေဖြင့် ယင်းတို့၏ထုတ်ကုန်များနှင့်ပတ်သက်၍ စတင်ထုတ်လုပ်ချိန်မှ အသုံးပြုပြီးစီး၍ စွန့်ပစ်သည်အထိ ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးပုံစံဖြင့် တာဝန်ယူဖြေရှင်း ဆောင်ရွက်နိုင်ရေးအတွက် စည်းကမ်းများ၊ ငွေကြေးနှင့် တာဝန်ယူမှုမူဝါဒများ သတ်မှတ်ပေးခြင်းဖြင့် ထုတ်လုပ်သူက တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည့် သတ်မှတ်ချက် (Extended Producer Responsibility – EPR) ဆောင်ရွက်ခြင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကို ဒဏ်ကြေးသတ်မှတ်ခြင်း၊ ပလတ်စတစ်အိတ်များအတွက် အခွန် သို့မဟုတ် အိတ်ဖိုးသီးသန့်ကောက်ခံခြင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်စနစ်နှင့် ဒဏ်ကြေးသတ်မှတ်ခြင်း၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ မရှိသော/ မှတ်ပုံတင်ထားခြင်းမရှိသော စွန့်ပစ်ပစ္စည်းကောက်ယူသူများကို စနစ်တကျအသိအမှတ်ပြု၍ လုံခြုံရေးနှင့် ကျန်းမာရေးအတွက် အကာအကွယ်ပေးခြင်း၊ စွန့်ပစ်ပစ္စည်းစုဆောင်းမှုကွန်ရက်တွင် ထည့်သွင်းခြင်း၊ စေတနာ့ဝန်ထမ်းနှင့် အလွတ်သဘော အမှိုက်ကောက်သူများကို ပံ့ပိုးခြင်း၊ ကျောင်းများ၊ ရပ်ကွက်များနှင့် လူမှုကွန်ရက်များမှတစ်ဆင့် အမှိုက်ခွဲခြားစွန့်ပစ်သည့် အလေ့အထကို ငယ်စဉ်ကတည်းက ပျိုးထောင်ပေးခြင်း၊ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း။

### စွန့်ပစ်ပစ္စည်းမှသည် အရင်းအမြစ်များဆီသို့

ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP) ၏ လေ့လာချက်အရ ပတ်လည်စီးပွားရေးစနစ် (Circular Economy) အခြေခံစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနိုင်ပါက ၂၀၅၀ ပြည့်နှစ်တွင် တစ်နှစ်လျှင် အသားတင်စီးပွားရေး အကျိုးအမြတ် အမေရိကန်ဒေါ်လာ ၁၀၈ ဒသမ ၅ ဘီလီယံအထိ ရရှိနိုင်မည်ဟု ခန့်မှန်းထားပါသည်။

အတူတကွ စုပေါင်းအသုံးပြုခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ ပြုပြင်ခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း စသည်တို့ကို အခြေခံသော စွန့်ပစ်ပစ္စည်းအားလုံးကို ပြန်လည်အသုံးပြုသည့် ပတ်လည်စီးပွားရေးစနစ် ချဉ်းကပ်မှုသည် စွန့်ပစ်ပစ္စည်း တိုးပွားမှုကို ထိန်းချုပ်နိုင်ပြီး စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် စွန့်ပစ်ပစ္စည်းများ/ အမှိုက်များကို ဖယ်ရှားစွန့်ပစ်ရမည့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ၊ ကုန်ကျစရိတ်များအဖြစ်သာ ရှုမြင်သဘောမထားဘဲ ထုတ်ကုန်များအတွက် ကုန်ကြမ်းအရင်းအမြစ်များအဖြစ် ရှုမြင်ပြီး ပြောင်းလဲဆောင်ရွက်နိုင်ရန် ကြိုးစားဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။ ။

**ကိုးကား**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊** ၂၀၂၀။ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀)။

**United Nations Environment Programme (UNEP), 2024.** Global Waste Management Outlook 2024: Beyond an Age of Waste – Turning Rubbish into a Resource. Nairobi.

**Organization for Economic Co–operation and Development (OECD), 2022.** Global Plastics Outlook: Economic Drivers, Environmental Impacts and Policy Options. Paris.

**Association of Southeast Asian Nations (ASEAN), 2024.** Sixth ASEAN State of the Environment Report. Jakarta.

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၆**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်သို့ တင်ပြပြီး အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦး၏ ကြယ်ပွင့်ပြမေးခွန်း ၂၁ ခုကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ (ခ) (၁) အရ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ညှိနှိုင်းပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပေးပို့လာသည့် အမည်စာရင်းနှင့်ပတ်သက်၍ လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်က ရှမ်းပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများ လာမည့်စိုက်ပျိုးရာသီတွင် ရာသီချိန်မီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြေပြင်အခြေအနေမှန်အပေါ် အခြေခံသည့် ရေတိုအစီအစဉ်များဖြင့် စက်သုံးဆီ လွယ်ကူစွာ ဝယ်ယူရရှိစေရေးနှင့် ရေရှည်အတွက် တောင်သူစမတ်ကတ်စနစ်ဖြင့် သီးနှံအလိုက် စက်သုံးဆီခွဲတမ်းစနစ်တကျ စိစစ်ဖြန့်ဖြူးပေးနိုင်ရေး ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆို၊ မိုင်းရယ်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ် (၂) ဒေါ်ခိုင်သန္တာထွေးက ရှမ်းပြည်နယ်အတွင်း နည်းမျိုးစုံ ၊ ပုံစံစုံ၊ ဒီဇိုင်းစုံဖြင့်ပေါ်များလာနေသော မူးယစ်ဆေးဝါးများအန္တရာယ်ကို ပိုမိုထိရောက်စွာ တားဆီးကာကွယ်နှိမ်နင်းနိုင်ရေးအတွက် ၁၉၉၃



ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် အထူးစီမံချက်များ၊ ပိုမိုတိကျခိုင်မာသော နည်းလမ်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် မိုးမိတ်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးစိုင်းခမ်းကျော်က ရှမ်းပြည်နယ်အတွင်း သဘာဝသယံဇာတများ တရားဝင်၊ စနစ်တကျနှင့် ရေရှည်တည်တံ့စွာ အသုံးချနိုင်ရေး၊ တရားမဝင်ထုတ်ယူမှုများ ထိန်းချုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆိုတို့ကို တင်သွင်းကြပြီး လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာကာ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို ရပ်နားလိုက်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ



## တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစည်းအဝေးကျင်းပ

**ဟားခါး အောက်တိုဘာ ၆**

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်သို့ တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၏ ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ချင်းပြည်နယ် အသေးစားငွေချေးလုပ်ငန်းဥပဒေနှင့်ပတ်သက်၍ ဥပဒေပြုရေးကော်မတီ၏ တွေ့ရှိချက်အစီရင်ခံစာကို တင်သွင်းရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ယင်းပြင်ဆင်သည့်ဥပဒေကို လွှတ်တော်၏ သဘောထားရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ယင်းနောက် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားလိုက်ကြောင်းနှင့် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)

## မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း (၅) နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် တက်လွင်ထွန်း၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားအား အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက် ရွတ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကမ်းခြေစောင့်တပ်ဖွဲ့ (၅) နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် Recreation Center ၌ ကျင်းပရာ ၂၀၁၅-၂၀၁၆ တစ်နှစ်တာ ကာလအတွင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အရာရှိ စစ်သည်များ၊ အကောင်းဆုံးလိုင်းခန်းဆုရရှိကြသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကံမမြို့၌ ရဟန်းသံဃာတော်များနှင့် သီလရှင်များအား UID ကတ် ကွင်းဆင်းဆောင်ရွက်ပေး

**ကံမ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းထက်နှင့် ဝန်ထမ်းများက ယွန်းကျောင်း ပရိယတ္တိစာသင်တိုက်၌ ရဟန်းသံဃာတော်များနှင့် သီလရှင်များအား ယနေ့ နံနက်ပိုင်းက UID ကတ် ကွင်းဆင်းဆောင်ရွက်ပေးရာ ကံမမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမင်းခေါင်နှင့် အဖွဲ့ဝင်များက UID ကတ်များလက်ဝယ်အရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



ဇော်ဘီ

မကွေးတိုင်းဒေသကြီး ချောက်မြို့ ရပ်ကွက်များရှိ စက်သုံးဆီ အရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အတွက် အောက်တိုဘာ ၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်နှင့် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်
အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ

# အာရှအဆင့်ကနေ ကမ္ဘာ့အဆင့် တက်လှမ်းသွားနိုင်မယ့် ပြည်သူတွေပေးတဲ့ ခွန်အားတွေရှိနေပါပြီ။ နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်

**မောင်ရှိုင်းလင်းအောင်(အာရှရွှေတံဆိပ်ဆုရှင်)**


မောင်ရှိုင်းလင်းအောင်


မောင်ဟိန်းထက်ဦး


မောင်ကျော်သူရ


မောင်မျိုးမြင့်ကိုကိုကျော်


မောင်ဟန်ထူးဆွေ

ဂျပန်နိုင်ငံ Aichi–Nagoya တွင် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် Esports အားကစားကဏ္ဍ၌ မြန်မာ့လက်ရွေးစင် National Team Zanaka အသင်းသည် Mobile Legends: Bang Bang (MLBB) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုကို အတွေ့အကြုံရင့် အာရှထိပ်သီးနိုင်ငံများကို ကျော်ဖြတ်၍ ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

အာရှအားကစား ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံပေါင်း ၄၅ နိုင်ငံ၌ မြန်မာနိုင်ငံသည် အဆင့် ၂၂ တွင် ရပ်တည်နိုင်ခဲ့ပြီး Esports သမိုင်းတစ်လျှောက်၌ အာရှအဆင့်တွင် ပထမဆုံးရရှိခဲ့သည့် မြင့်မားလှသော အောင်မြင်မှုတစ်ရပ်လည်းဖြစ်ရာ Esports အားကစားကဏ္ဍဖြင့် ရွှေခေတ်ကို စတင်ခြေလှမ်းခဲ့ပြီး ရွှေတံခါးကို ဖွင့်လှစ်နိုင်ခဲ့သည့် Mobile Legends: Bang Bang(MLBB)ပြိုင်ပွဲဝင် အားကစားသမားတို့၏ နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရရှိမှုအပေါ် လှိုက်လှဲဝမ်းသာ ရင်တွင်းစကားသံတို့အား စုစည်းဖော်ပြလိုက်ပါသည်–

**မောင်ရှိုင်းလင်းအောင်**
**(အာရှရွှေတံဆိပ်ဆုရှင်)**

အားကစားနည်းတွေထဲကမှ Esports ကို ဘာကြောင့်ရွေးချယ်ဖြစ်လဲဆိုတော့ COVID 19 ကာလတုန်းက လူငယ်တွေကြားမှာ ဖုန်းဂိမ်းတွေက ရေပန်းစားလာကြတယ်။ အဲဒီအချိန်မှာ သိလာရတာက ဒီဂိမ်းတွေကနေ ဘဝလမ်းကြောင်းကို လျှောက်လှမ်းလို့ရတယ်ဆိုတာ သိလာရတော့ Esports ကို ရွေးချယ်ဖြစ်ခဲ့တာပါ။ လူငယ်တွေ ဘဝအနာဂတ်မှာ မှန်ကန်တဲ့လမ်းကို ရွေးချယ်စေချင်ပါတယ်။ မိမိနိုင်ငံ၊ မိမိပတ်ဝန်းကျင်နဲ့ လူမှုအသိုက်အဝန်းမှာ အထောက်အကူပြုနိုင်တာ တစ်ခုခုကို လုပ်ဆောင်နိုင်ဖို့ လိုပါတယ်။ Esports အားကစားဟာ ကျွန်တော့်အနာဂတ်ရဲ့ အလင်းရောင်လို့ ခံယူထားတဲ့အတွက် ကျွန်တော် ဒီ Esports လမ်းကြောင်းကနေ မြန်မာဆိုတာ ဘာလဲဆိုပြီး မြန်မာ့အလံကို တစ်ကမ္ဘာလုံးရဲ့အပေါ်မှာ စိုက်ထူလိုတဲ့ အိပ်မက်မျိုး နက်နက်ရှိုင်းရှိုင်း ရှိနေပါတယ်။ ဆက်လက်ပြီး အာရှအဆင့်ကနေ ကမ္ဘာ့အဆင့် တက်လှမ်းသွားနိုင်မယ့် ပြည်သူတွေပေးတဲ့ ခွန်အားတွေ ရှိနေပါပြီ။ နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

**မောင်ဟိန်းထက်ဦး**
**(အာရှရွှေတံဆိပ်ဆုရှင်)**

ပြီးခဲ့တဲ့ MSC ပွဲတုန်းက ကျွန်တော်တို့ YG ဆိုတဲ့ နာမည်နဲ့ ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုရခဲ့ပါတယ်။ ဒီတစ်ခါ Asian Games မှာ Team Myanmar ဆိုတဲ့နာမည်နဲ့ ယှဉ်ပြိုင်ရတဲ့အခါမှာ အောင်မြင်မှုက ကျွန်တော်တို့အတွက်ပဲ မဟုတ်ဘဲ ကျွန်တော်တို့နိုင်ငံကိုကိုယ်စားပြုတာကြောင့် အလွန်ရင်ခုန်ပြီး မြန်မာဆိုတာ ဘာလဲဆိုပြီး ပြချင်တဲ့ဆန္ဒက ကျွန်တော်တို့အဖွဲ့ရင်ထဲမှာ ရှိနေခဲ့ပါတယ်။ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် စဉ်းစားမိတိုင်း ရင်ထဲမှာ တရိပ်ရိပ်နဲ့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ASIAN Games Champion ဖြစ်သွားတဲ့အတွက် ကျွန်တော်တို့အသင်းကို အခြားနိုင်ငံကအသင်းကြီးတွေ စောင့်ကြည့်နေကြမှာပါ။ ကျွန်တော်တို့ရထားတဲ့ စံချိန်ကို ဆက်ပြီးထိန်းသွားမှာပါ။ တစ်ဆင့်ပြီးတစ်ဆင့် ပိုမြင့်လာမယ့် ကမ္ဘာ့အဆင့်ပြိုင်ပွဲအတွက် စိတ်အားတက်ကြွနေပြီး အာရှအဆင့်ကနေ ကမ္ဘာ့အဆင့်ကို တက်လှမ်းနိုင်မယ့် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုအတွက်လည်း ကျွန်တော်တို့ စုဖွဲ့လေ့ကျင့်မှုတွေကို အရှိန်အဟုန်မပြတ် လုပ်ဆောင်သွားဖို့ ရှိနေပါတယ်။

**မောင်ကျော်သူရ**
**(အာရှရွှေတံဆိပ်ဆုရှင်)**

ဒီ MLBB game ရဲ့ အင်အားကြီးနိုင်ငံတွေဖြစ်တဲ့ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနဲ့ မလေးရှားလို နိုင်ငံတွေကတော့ ကျစ်လျစ်ပြီး နာမည်ကြီးတဲ့အသင်းတွေဖြစ်တဲ့အတွက် နောက်လာမယ့် ပြိုင်ပွဲတွေမှာ ဒီနိုင်ငံသုံးနိုင်ငံက အသင်းတွေကို ဂရုတစိုက်လေ့လာပြီး ကျော်ဖြတ်နိုင်အောင် ပြင်ဆင်သွားပါ့မယ်။ ဒီ ASIAN game ပြိုင်ပွဲမှာ ကျွန်တော်တို့အတွက် အထူးဂရုစိုက်ယှဉ်ပြိုင်ရတာက အင်ဒိုနီးရှားအသင်းပါ။


ဒေါက်တာကောင်းမြတ်စံ


မောင်မင်းထွန်းအောင်

သူတို့အသင်းက အသင်းလိုက်ကစားတာ ကောင်းတဲ့အပြင် ကစားကွက် ရွှေ့တာကလည်း သေသပ်တာကြောင့် အထူးဂရုစိုက်ပြီး ပြိုင်ပွဲဝင်ခဲ့ပါတယ်။ အုပ်စုပွဲစဉ်တွေကနေ အာရှချန်ပီယံအထိ နိုင်ငံအတွက် မလျှော့တဲ့ဖွဲ့နဲ့ လုံ့လစိုက်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြတဲ့ သူငယ်ချင်းတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အမြဲအားပေးပြီး နည်းလမ်းမှန်အောင် လမ်းပြပေးခဲ့တဲ့ အဖွဲ့ဥက္ကဋ္ဌနဲ့ အသင်းနည်းပြကိုလည်း ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ရအောင် အားပေးခဲ့ကြတဲ့ မြန်မာပရိသတ်ကြီးကိုလည်း အထူးကျေးဇူးတင်ပါတယ်။

**မောင်မျိုးမြင့်ကိုကိုကျော်**
**(အာရှရွှေတံဆိပ်ဆုရှင်)**

Grand Final ကို မတက်မီ မလေးရှားကိုယ်စားပြုအသင်းနဲ့ ဆော့ရတဲ့အချိန် Game 2 မှာ ကျွန်တော်တို့အသင်းက နိမ့်နေခဲ့တာပါ။ ရင်ခုန်နေရတဲ့အချိန်ပါ။ အဲဒီလို နိမ့်နေတာကနေ ပြန်နိုင်အောင် ဆော့နိုင်ခဲ့ပြီး အနိုင်ရသွားတဲ့အခါ Silver medal လည်း ကျိန်းသေသွားသလို Final လည်း ရောက်သွားတဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ Final ပွဲမစတင်မီ ကျွန်တော့်ရင်ထဲမှာ စိတ်လှုပ်ရှားတာထက် တစ်ဖက်အသင်းကို ဘယ်လိုနိုင်အောင် ယှဉ်ပြိုင်ရမလဲဆိုတာကို အမြဲစဉ်းစားခဲ့ပါတယ်။ ပြီးတော့ နိုင်ငံကိုယ်စားပြုကစားတာဖြစ်တဲ့အတွက် ဒီလိုအခွင့်အခါမျိုးကို နောက်တစ်ခါပြန်ရဖို့ မဖြစ်နိုင်တာကြောင့် နိုင်ငံနဲ့အဖွဲ့ချုပ်အတွက် ရွှေရအောင်ယူရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပြိုင်ပွဲကို အထူးဂရုစိုက်ပြီး ယှဉ်ပြိုင်ခဲ့ပါတယ်။ စည်းလုံးမှု၊ ဟန်ချက်ညီမှု၊ နိုင်ငံကိုယ်စားပြုဆိုတဲ့ စိတ်ဓာတ်နဲ့ နိုင်ငံတော်အလံကို တိုင်ထိပ်မှာ လွှင့်ထူနိုင်ရမယ်ဆိုတဲ့စိတ်နဲ့ ယှဉ်ပြိုင်ခဲ့တာကြောင့် ကျွန်တော်တို့ ရည်မှန်းချက်ကို လက်တွေ့ပြသနိုင်ခဲ့တဲ့အပေါ် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါတယ်။ ဆက်ပြီးကြိုးစားသွားမှာပါ။

**မောင်ဟန်ထူးဆွေ**
**(အာရှရွှေတံဆိပ်ဆုရှင်)**

Esports အားကစားကို အခြားနိုင်ငံတွေက အားကစားသမားတွေနဲ့ တန်းတူဆက်ဆံပေးတာ၊ ဆင်တူဝတ်စုံနဲ့ဖိနပ်တွေစတဲ့ အရာရာဂရုစိုက်ပေးတာ မြင်ရတော့ ကျွန်တော်တို့ အားကစားကို ပိုပြီးဂုဏ်ယူမိလာပါတယ်။ ပြီးတော့ နိုင်ငံကိုယ်စားပြုအဖြစ် ယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက် မြန်မာဆိုတာ ဘာလဲဆိုတာ ထုတ်ဖော်ပြသခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ အထူးသဖြင့် နိုင်ငံတော်အလံကို အခြားနိုင်ငံတွေအထက်မှာ မြင်တွေ့ခဲ့ရပြီး နိုင်ငံတော်သီချင်းသံ ကြားလိုက်ရတဲ့အချိန်ဟာ ရင်ထဲမှာ ဆို့နစ်သလိုခံစားရတဲ့အပြင် ကြက်သီးတွေ တဖြန်းဖြန်းထလာသလို မျက်ရည်လည်း ဝဲခဲ့မိပါတယ်။ ဒါဟာ မြန်မာကွလို့လည်း သူတို့တွေကိုကြည့်ပြီး ရင်ထဲမှာ ကြုံးဝါးခဲ့ပါတယ်။ အဲဒီထက်အကောင်းဆုံးခံစားချက်ကတော့ ကိုယ့်နိုင်ငံသီချင်းကို အခြားနိုင်ငံတွေရဲ့ အလယ်မှာ သီဆိုဖွင့်ပြခွင့်ရခဲ့တာကို အတိုင်းမသိ ဝမ်းသာမိပြီး အခုနေ ပြန်စဉ်းစားမိရင်တောင် နိုင်ငံနဲ့ပြည်သူအတွက် နှစ်ထောင်းအားရကျေနပ်မိပါတယ်။

**ဒေါက်တာကောင်းမြတ်စံ**
**(မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ)**

ကျွန်တော့် မိဘဘိုးဘွားတွေ အမြဲပြောပြလေ့ရှိတဲ့ ၁၉၆၀ ပြည့်လွန်နှစ်တွေက အဘ ဗဟာဒူးတို့ ဘောလုံးအားကစား ရွှေခေတ်ရဲ့ အာရှအားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုအတိုင်းပဲ အခု ကျွန်တော်တို့ MLBB Esports အသင်းလိုက်အားကစားနည်းကနေ သမိုင်းဝင်ရွှေတံဆိပ်ဆုကြီးကို ဆွတ်ခူးရရှိခဲ့ပါပြီ။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အာရှစင်မြင့်ထက်မှာ နည်းပညာနဲ့ ဉာဏ်ရည်ဉာဏ်သွေး(Brain Power)ကို အခြေခံတဲ့ ခေတ်သစ် Digital အားကစားနည်းနဲ့ ကမ္ဘာ့ထိပ်သီးနိုင်ငံတွေကို ကျော်ဖြတ်ပြီး ပထမဦးဆုံးရရှိခဲ့တဲ့ သမိုင်းဝင်ရွှေတံဆိပ်ဆုလည်း ဖြစ်ပါတယ်။ ဒါဟာ မြန်မာ့အားကစားမျိုးဆက်ပေါင်းများစွာ မျှော်လင့်ခဲ့ကြတဲ့ ရည်မှန်းချက်ဖြစ်သလို ကျွန်တော့်ဘဝရဲ့ အကြီးမားဆုံးအိပ်မက်တစ်ခုကို အကောင်အထည်ဖော်နိုင်ခဲ့တာဖြစ်လို့ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။

ရွှေခေတ်ရဲ့အစဖြစ်တဲ့ ၂၀၂၅ ခုနှစ် PUBG ကမ္ဘာ့ဖလား ချန်ပီယံဆု၊ ၂၀၂၆ ခုနှစ် MLBB ကမ္ဘာ့ဖလား ဒုတိယဆုတွေကနေ အခုအာရှအားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုအထိ ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့တာဟာ မြန်မာနိုင်ငံကို အာရှနဲ့ကမ္ဘာရဲ့ Digital Sports Power–house အဖြစ် တရားဝင်အသွင်ကူးပြောင်း သက်သေပြနိုင်ခဲ့တာဖြစ်ပါတယ်။ မြန်မာလူငယ်တွေရဲ့ ဉာဏစွမ်းအား၊ နည်းပညာစွမ်းအားနဲ့ စိတ်ဓာတ်ခွန်အားဟာ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်ပြီဆိုတာကို သက်သေပြလိုက်နိုင်ပါပြီ။ ကျွန်တော့်အနေနဲ့ အဖွဲ့ချုပ်ဥက္ကဋ္ဌ တာဝန်ယူချိန်ကတည်းက အဓိကထား တည်ဆောက်ခဲ့တဲ့ ရည်မှန်းချက်ကတော့ မြန်မာ့ Esports ကစားသမားတွေကို ဆီးဂိမ်း(SEA Games)၊ အာရှအားကစားပြိုင်ပွဲ (Asian Games) နဲ့ အိုလံပစ်(Olympic)လိုမျိုး ကမ္ဘာနဲ့အာရှရဲ့ အမြင့်မားဆုံး တရားဝင်အားကစား စင်မြင့်တွေထက်မှာ နိုင်ငံတော်အတွက် ဂုဏ်ယူဝင့်ကြွားစွာ ယှဉ်ပြိုင်အောင်ပွဲဆင်နိုင်အောင် လမ်းခင်းပေးဖို့ ဖြစ်ပါတယ်။

အခုရရှိခဲ့တဲ့ အာရှအားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုကြီးဟာ Esports အသိုက်အဝန်းတစ်ခုတည်းအတွက် အောင်ပွဲမဟုတ်ပါဘူး။ ဒါဟာ မြန်မာ့လူငယ်ထုတစ်ရပ်လုံးရဲ့ အောင်ပွဲ၊ မြန်မာ့အားကစား လောကတစ်ခွင်လုံးရဲ့ အောင်ပွဲ၊ မိဘပြည်သူတစ်ရပ်လုံးရဲ့ အောင်ပွဲပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းပြည်နဲ့ ပြည်သူတစ်ရပ်လုံး ရှေ့မှောက်ကို နိုင်ငံ့ဂုဏ်ဆောင် အာရှရွှေတံဆိပ်ဆုကြီးနဲ့အတူ တစ်နိုင်ငံလုံးရဲ့ မျှော်လင့်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ခဲ့ပြီး ခေတ်သစ် Esports အားကစားနည်းနဲ့ ရွှေတံခါးကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါပြီ။

**မောင်မင်းထွန်းအောင်**
**(MLBB နည်းပြ)**

နည်းပြတစ်ယောက်အနေနဲ့ ကိုယ့်ကစားသမားတွေရဲ့ ကြိုးစားအားထုတ်လိုစိတ်နဲ့ meta နဲ့ game ကို သူများတွေထက်ပိုပြီး ကျွမ်းကျင်နားလည်အောင် ကစားသမားတွေနဲ့ စကားပြောတိုင်ပင်ဆွေးနွေးအကြံပေးရင်း ကိုယ့်ရဲ့ draft pick, playstyle တွေကိုလည်း ကျစ်လျစ်ဆန်းသစ်နေအောင် ကြိုးစားခဲ့ပါတယ်။ နည်းပြတစ်ယောက်အနေနဲ့ နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်နဲ့အတူ တိုင်းပြည်နဲ့ လူမျိုးအပေါ် အကျိုးပြုနိုင်ခဲ့မှုအပေါ် အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါတယ်။

**အင်တာဗျူး – သစ္စာ(MNA)**
**ဓာတ်ပုံ – MESF**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၆** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် ကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ဘရာဇီးသမ္မတရွေးကောက်ပွဲ အတည်ပြုမဲ ထက်ဝက်ကျော်မရသဖြင့် ဒုတိယအကြိမ်မဲပေးပွဲ ကျင်းပမည်



**ဘရာဇီးလီးယား အောက်တိုဘာ ၆**

ဘရာဇီးနိုင်ငံ၏ သမ္မတရွေးကောက်ပွဲသည် လက်ယာဝါဒီ အထက်လွှတ်တော်အမတ် ဖလားဗီယို ဘိုလ်ဆိုနာရိုနှင့် လက်ရှိသမ္မတ လူးဝစ် အီနာစီယို လူလာ ဒါဆီလ်ဗာတို့အကြား အောက်တိုဘာ ၂၅ ရက်တွင် ဒုတိယအကြိမ် မဲပေးယှဉ်ပြိုင်ရမည့် အခြေအနေသို့ ရောက်ရှိလာပြီဖြစ်သည်။

ရွေးကောက်ပွဲ အာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများ အနက်မည်သူမျှအတည်ပြုမဲများ၏ ထက်ဝက်ကျော် ရရှိခဲ့ခြင်းမရှိသဖြင့် ဒုတိယအကြိမ် မဲပေးပွဲကျင်းပရမည့် အခြေအနေသို့ ရောက်ရှိခြင်းဖြစ်ကြောင်း သိရသည်။

ဘရာဇီးပြည်သူများသည် အောက်တိုဘာ ၄ ရက်တွင် မဲပေးခဲ့ကြသည်။ မဲရေတွက်မှု ၉၈ ဒသမ ၆ ရာခိုင်နှုန်း ပြီးစီးချိန်တွင် ရွေးကောက်ပွဲအရာရှိများ၏ ထုတ်ပြန်ချက်အရ ယခင်သမ္မတ ဂျိုင်ယာ ဘိုလ်ဆိုနာရို၏ အကြီးဆုံးသားဖြစ်သူ ဖလားဗီယို ဘိုလ်ဆိုနာရိုက အတည်ပြုမဲ ၄၇ ဒသမ ၂ ရာခိုင်နှုန်းရရှိကာ ဦးဆောင်နေပြီး လူလာက ၄၄ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်ရှိခဲ့ကြောင်း သိရသည်။

မဲဆွယ်စည်းရုံးရေး ကာလအတွင်း ဖလားဗီယို ဘိုလ်ဆိုနာရိုက လုံခြုံရေး အစီအမံများကို ပိုမိုခိုင်မာစေရန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရ၏ မူဝါဒများနှင့်ကိုက်ညီသည့် အခြားမူဝါဒများကို ဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့သည်။ သို့သော် လူလာကမူ လူမှုစီးပွားရေးကွာဟချက်များကို လျှော့ချရန်နှင့် အင်အားကြီးနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုကိုခွင့်မပြုဘဲ နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းရန် အလေးထား မဲဆွယ်စည်းရုံးခဲ့သည်။

မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက် ကိုယ်စားလှယ်လောင်းနှစ်ဦးသည် မဲရလဒ်အရ အပြိုင်အဆိုင် ယှဉ်ပြိုင်ခဲ့ကြပြီး ယခုအခါ အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပမည့် ဒုတိယအကြိမ် မဲပေးပွဲ၌ သမ္မတရာထူးအတွက် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ **အင်န်အီတီ/ချိကေ**




## ၂၀၂၆ ခုနှစ် ရူပဗေဒနိုဘယ်ဆုကို ဝစ်ကွန်ဆင်တက္ကသိုလ်မှ သုတေသီ ဖရန်စစ်ဟယ်လ်ဇန်ရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၆**

အမေရိကန်နိုင်ငံ ဝစ်ကွန်ဆင်တက္ကသိုလ်မှ သုတေသီ ဖရန်စစ်ဟယ်လ်ဇန်သည် အန္တာတိကဒေသရှိ အမှုန်သုတေသနစီမံကိန်းတွင် ဦးဆောင်ပါဝင်ခဲ့မှုကြောင့် ၂၀၂၆ ခုနှစ် ရူပဗေဒနိုဘယ်ဆုကို ချီးမြှင့်ခံခဲ့ရသည်။

ယခုနှစ် ရူပဗေဒနိုဘယ်ဆုရှင်ကို အောက်တိုဘာ ၆ ရက်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကြေညာခဲ့သည်။ ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီအထွေထွေအတွင်းရေးမှူး အယ်လန်မုန်းစ်က ၂၀၂၆ ခုနှစ် ရူပဗေဒနိုဘယ်ဆုကို ဟယ်လ်ဇန်အား အန္တာတိက တောင်ဝင်ရိုးစွန်းအောက်ရှိ ရေခဲထုကြီးအတွင်း တည်ဆောက်ထားသည့် IceCube Neutrino စောင့်ကြည့်လေ့လာရေးစခန်းအတွက် အဆုံးအဖြတ်ဖြစ်စေသည့် ပံ့ပိုးမှုများနှင့် နက္ခတ္တဗေဒဆိုင်ရာ မူလရင်းမြစ်များမှထွက်ပေါ်လာသော စွမ်းအင်မြင့် နျူထရီနို (neutrino) ဟုခေါ်သည့် အလွန်သေးငယ်ပြီး အခြားအရာများနှင့် အလွန်နည်းပါးစွာသာ တုံ့ပြန်သည့်အမှုန်များကို ရှာဖွေတွေ့ရှိမှုအတွက် ချီးမြှင့်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟယ်လ်ဇန်သည် ၁၉၈၈ ခုနှစ်တွင် စွမ်းအင်မြင့် neutrino များကို ခြေရာခံလေ့လာရန် တောင်ဝင်ရိုးစွန်းရှိ ရေခဲများကို အသုံးပြုရန် အဆိုပြုခဲ့သည်။

ထို့နောက် သုတေသီများသည် neutrino များ ရေခဲနှင့်အပြန်အလှန်သက်ရောက်မှုရှိသည့်အခါ ထွက်ပေါ်လာသော အလင်းရောင်မှိန်မှိန်ကိုဖမ်းယူနိုင်ရန် အန္တာတိကရေခဲပြင်အတွင်း အနက်ရှိုင်းဆုံးနေရာများ၌ အာရုံခံကိရိယာ ၅၀၀၀ ကျော်ကို တပ်ဆင်ခဲ့ကြသည်။

နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ဟယ်လ်ဇန်၏ အမြင်နှင့် သိပ္ပံဆိုင်ရာ ဦးဆောင်မှုသည် IceCube Neutrino စောင့်ကြည့်လေ့လာရေးစခန်း၏ အခြေခံအုတ်မြစ်ဖြစ်ခဲ့ပြီး အဆိုပါ စောင့်ကြည့်လေ့လာရေးစခန်းကို ၂၀၁၁ ခုနှစ်တွင် အပြီးသတ်တည်ဆောက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**အင်န်အီတီ/ချိကေ**

## ကင်ညာ၌ ဘွန်ဒီဘူဂျို အီဘိုလာရောဂါ ပြည်ပမှ ကူးစက်ဝင်ရောက်မှု ပထမဆုံးအကြိမ် အတည်ပြု

**နိုင်ရိုဘီ အောက်တိုဘာ ၆**

ကင်ညာနိုင်ငံ၌ ဘွန်ဒီဘူဂျို အီဘိုလာဗိုင်းရပ်စ်ရောဂါ ပြည်ပမှ ကူးစက်ဝင်ရောက်လာသည့် ပထမဆုံးဖြစ်စဉ်တစ်ရပ်ကို အောက်တိုဘာ ၆ ရက်တွင် အတည်ပြုလိုက်ကြောင်း ကင်ညာကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။ ယင်းအတည်ပြုချက်သည် နိုင်ရိုဘီမြို့ရှိ ဆေးရုံတစ်ရုံတွင် အမျိုးသားတစ်ဦးသေဆုံးပြီး တစ်ရက်အကြာတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

လူနာမှာ ကင်ညာနိုင်ငံသားတစ်ဦးဖြစ်ပြီး လွန်ခဲ့သည့် ခုနစ်နှစ်အတွင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) တွင် နေထိုင်ခဲ့သူဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး အေဒင်ဒွာလေးက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။ အဆိုပါအမျိုးသားသည် လွန်ခဲ့သည့် တစ်လခန့်က နေမကောင်းဖြစ်ခဲ့ပြီး DRC နိုင်ငံရှိ ဆေးရုံအများအပြားတွင် ဆေးကုသမှုခံယူခဲ့သည်။ ထို့နောက် DRC မှ ယူဂန္ဒါနိုင်ငံ ကမ်ပါလာမြို့သို့ ကားလမ်းဖြင့် ခရီးဆက်ခဲ့ပြီး ဂျမ်ဘိုဂျက် လေကြောင်းလိုင်း၏ လေကြောင်းခရီးစဉ် ၈၅၂၃ ဖြင့် နိုင်ရိုဘီမြို့သို့ အောက်တိုဘာ ၃ ရက်တွင် ရောက်ရှိခဲ့သည်။

ယခုဖြစ်ပွားနေသော အီဘိုလာရောဂါသည် ဘွန်ဒီဘူဂျိုမျိုးကွဲဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားခြင်းဖြစ်ပြီး ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ အီတူရီပြည်နယ်တွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဝန်ကြီး ဒွာလေးက ပြည်သူများအနေဖြင့် ထိတ်လန့်ကြောက်ရွံ့ခြင်းမဖြစ်ကြရန် တိုက်တွန်းခဲ့ပြီး ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ကာကွယ်ရန် လိုအပ်သည့်ပြင်ဆင်မှုစနစ်များ အသင့်ရှိနေကြောင်း ပြောကြားသည်။ **ဆင်ဟွာ**

## စပိန်က နယ်စပ်စစ်ဆေးမှုများကို အောက်တိုဘာ ၂၂ ရက်အထိ တိုးမြှင့်

**မက်ဒရစ် အောက်တိုဘာ ၆**

စပိန်နိုင်ငံသည် အီတလီနိုင်ငံမှ လေကြောင်းနှင့် ရေကြောင်းမှ တစ်ဆင့် ဝင်ရောက်လာသည့် ခရီးသွားများအပေါ် စစ်ဆေးသည့် ယာယီနယ်စပ် စစ်ဆေးမှုကို လာမည့် အောက်တိုဘာ ၂၂ ရက်အထိ နောက်ထပ် ၁၅ ရက် တိုးမြှင့်လိုက်ကြောင်း သိရသည်။

ဩဂုတ် ၈ ရက်တွင် စတင်ကျင့်သုံးခဲ့သော ယာယီနယ်စပ်စစ်ဆေးမှုများအား ယခုအကြိမ် သက်တမ်းတိုးမှုမှာ တတိယအကြိမ်မြောက် ဖြစ်သည်။ အောက်တိုဘာ ၁ ရက်က ပြည်ထဲရေးဝန်ကြီး ဖာနန်ဒို ဂရန်ဒီမာ လက်စကာ လက်မှတ်ရေးထိုးခဲ့သော အဆိုပါအမိန့်ညွှန်ကြားချက်တွင် ပြည်သူလူထုနှင့် ပြည်တွင်းလုံခြုံရေးကို ပြင်းထန်စွာ ခြိမ်းခြောက်မှုများအပါအဝင် ယခုကဲ့သို့ လုပ်ဆောင်ရသော အကြောင်းရင်းများ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

စပိန်နိုင်ငံသည် နိုင်ငံပိုင် ဆီယူတာ (Ceuta) ဒေသသို့ ဇူလိုင် ၃၀ ရက်နှင့် ၃၁ ရက်တွင် ရွှေ့ပြောင်းလုပ်သားများ အစုလိုက်အပြုံလိုက် ဝင်ရောက်မှုဖြစ်ပွားပြီးနောက် အီတလီက စပိန်မှ ဝင်ရောက်လာသူများအပေါ် စစ်ဆေးသည့် လုပ်ဆောင်မှုများကို တုံ့ပြန်သည့်အနေဖြင့် ထိုကဲ့သို့ နယ်စပ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

■

## ဘူလ်ဂေးရီးယားကမ်းလွန်ပင်လယ်ပြင်တွင် ကုန်တင်သင်္ဘောနှစ်စင်း ဒရုန်းဖြင့် တိုက်ခိုက်ခံရ

**ဆိုဖီယာ အောက်တိုဘာ ၆**

ဘူလ်ဂေးရီးယားကမ်းလွန် ပင်လယ်နက်အတွင်း ဒရုန်းတိုက်ခိုက်ခံရမှုများကြောင့် ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်ပြီး အခြားသင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားကြောင်း ဘူလ်ဂေးရီးယားဝန်ကြီးချုပ် ရူမန်ရာဒွေဗ်က အောက်တိုဘာ ၆ ရက်တွင် ပြောသည်။

ယင်းကုန်တင်သင်္ဘောနှစ်စင်းမှာ နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်အတွင်းရှိ ဗျာလာမြို့အရှေ့ဘက် ရေမိုင် ၇၀ ခန့်အကွာတွင် နံနက် ၃ နာရီဝန်းကျင်၌ ရေပြင်နှင့် ဝေဟင်ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း ရာဒွေဗ်က ဘူလ်ဂေးရီးယားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပြုလုပ်သည့် အစည်းအဝေးအစပိုင်းတွင် ပြောကြားခဲ့သည်။

တိုဂိုနိုင်ငံအလံလွှင့်ထူထားသည့်သင်္ဘောမှာ နစ်မြုပ်သွားခဲ့ကြောင်း၊ လက်ရှိအချိန်အထိ ထိုသင်္ဘောပေါ်မှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရှိရသေးကြောင်း၊ ဒုတိယသင်္ဘောမှာ မီးလောင်သွားခဲ့ကြောင်း၊ သင်္ဘောအမှုထမ်း ၁၈ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ သင်္ဘောအမှုထမ်း ၁၁ ဦးမှာ တူကီယဲနိုင်ငံသားဖြစ်ပြီး ကျန်ခုနစ်ဦးမှာ အိန္ဒိယနိုင်ငံသားများဖြစ်ကြောင်း ၎င်းက ပြောသည်။ **ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ



### ဆူဇူကီးက အသေးစားလျှပ်စစ်ကားကို နိုဝင်ဘာလတွင် ရောင်းချမည်

ဆူဇူကီးမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီသည် ဂျပန်နိုင်ငံ၌ လာမည့် နိုဝင်ဘာလလယ်တွင် ၎င်း၏ပထမဆုံး အသေးစားလျှပ်စစ်ကားကို စတင်ရောင်းချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဂျပန်မော်တော်ကားထုတ်လုပ်သူက e SKY မော်ဒယ်သည် တစ်ကြိမ်အားသွင်းရုံဖြင့် ကီလိုမီတာ ၃၃၀ အထိ မောင်းနှင်နိုင်ကြောင်း၊ ယင်းအကွာအဝေးသည် လျှပ်စစ်ကား အသေးစားအမျိုးအစားအတွက် အလွန်ဝေးသည့် အကွာအဝေးဖြစ်ကြောင်း ပြောသည်။ ဆူဇူကီးက တစ်လလျှင် ကားအစီးရေ ၁၀၀၀ ရောင်းချနိုင်ရန် ရည်မှန်းထားသည်။ **အင်န်အီတီ/ချိကေ**

### နီပေါ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများရပ်ဆိုင်းရန် အစိုးရဆုံးဖြတ်

နီပေါအစိုးရသည်ဩဂုတ် ၂၆ ရက်က တရုတ်-နီပေါနယ်စပ်တစ်လျှောက် ဖြစ်ပွားခဲ့သည့် မြေပြိုမှုကြီးများနှင့် ရုတ်တရက်ရေကြီးမှု များကြောင့် ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ရက်ပေါင်း ၄၀ ကြာပြီးနောက် ရပ်ဆိုင်းရန် ဆုံးဖြတ်လိုက်သည်။

တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်ဆောင်ရွက်နေသည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း အစိုးရက ယမန်နေ့က ကြေညာခဲ့သည်။ သို့သော် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

✿ *ကျော့ဖုံးမှ*

အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ပြေးခုန်ပစ် အားကစားနည်း ပြန်လည်ဦးမော့လာစေရေးနှင့် ခါးဆက်မပြတ်စေရေးအတွက် သက်တမ်းအလိုက် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး မြန်မာပြည်တစ်ဝန်းလုံးမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အခြေခံပညာကျောင်းများတွင် ပြေးခုန်ပစ် အားကစားနည်းကို စိတ်ပါဝင်စားလာအောင် စည်းရုံးဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့အားကစားကဏ္ဍကို အစွမ်းကုန်အားပေးချီးမြှောက်



နေသည့်အချိန်တွင် အားကစားသမားများအနေဖြင့် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ် ပြသကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲမှ တစ်ဆင့် နိုင်ငံတော်က အားထားရမည့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် ပြေးခုန်ပစ် အားကစားသမားကောင်းများ ဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများကို နှုတ်ဆက်အားပေးပြီး (အပေါ်ပုံ) ပြိုင်ပွဲတွင်ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်းပေးအပ်ကာ ပြေးခုန်ပစ် အားကစားသမားများ ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေနံချောင်းတက္ကသိုလ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ရေနံချောင်း အောက်တိုဘာ ၆**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရေနံချောင်းတက္ကသိုလ်၌ ဥပဒေအသိပညာ ပြန့်ပွားရေး ဆင့်ပွားသင်တန်းကို ယမန်နေ့က ဖွင့်လှစ်ရာ ရေနံချောင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနွယ်သင်းနီက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၇)တွင် တက်ရောက်ခဲ့ကြသည့် ဒုတိယပါမောက္ခချုပ်များက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်အကြောင်း သိကောင်းစရာများ၊ တစ်ဆင့်ခံဥပဒေများ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်သည့်ဥပဒေမူကြမ်းရေးဆွဲခြင်း၊ ICJ၊ Genocide Conventionနှင့် မြန်မာနိုင်ငံ



နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စများ၊ ဆိုက်ဘာမှုခင်းများအကြောင်း စသည့် ဥပဒေဆိုင်ရာ အသိပညာများကို ပါမောက္ခ(ဌာနမှူးများ)၊ ပါမောက္ခများ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ၊ သင်တန်းရေးရာ)နှင့် အင်ဂျင်နီယာမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၅၉ ဦးတို့အား အောက်တိုဘာ ၅ ရက်မှ ၂၀ ရက်အထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုးကြီး(ပြန်/ဆက်)**

❍ *ကျော့ဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးဗိုလ်ငြေး၊ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံ Esports အဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များ၊ တိုင်းရင်းသားဘာသာ တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးမိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာမြို့ရှိ (Nagoya City Higashi Sports Center)၌ ကျင်းပခဲ့သည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် Esports အသင်းသည် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Esports အမျိုးသားအသင်း ပြိုင်ပွဲတွင် မျိုးမြင့်ကိုကိုကျော်၊ ဟိန်းထက်ဦး၊ ကျော်သူရ၊ ဟန်ထူးဆွေ၊ ရှိုင်းလင်းအောင်တို့က ရွှေတံဆိပ်ဆုတစ်ခုကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ ကိုယ်စားပြု မြန်မာ့လက်ရွေးစင် Esports အသင်းသည် အုပ်စုအဆင့်နှင့် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို အကောင်းဆုံးယှဉ်ပြိုင် အနိုင်ယူကျော်ဖြတ်၍ (Semi Final Stage) အကြို ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး အကြို ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာ Esports အသင်းသည် မလေးရှားအသင်းကို ရလဒ် (၂)ပွဲ ပြတ်ဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့ပြီး အာရှအားကစားပြိုင်ပွဲ၏ အမြင့်မားဆုံးသော(Grand Final) ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ယင်းနောက် မြန်မာ Esports အသင်းသည် (Grand Final) ဗိုလ်လုပွဲ ပွဲစဉ်တွင် (Best of Seven) ပွဲငယ်(၇)ပွဲ ယှဉ်ပြိုင်ရာတွင် (၄)ပွဲ အနိုင်ရရှိမည့်အသင်းသည် ပထမဆုရရှိမည်ဖြစ်သည့်အတွက် မြန်မာ Esports အသင်းသည် (Game-1 မှ Game-4 အထိ) အမှားအယွင်းနည်းစွာဖြင့် ရှုံးပွဲမရှိ အကောင်းဆုံးယှဉ်ပြိုင်၍ အင်ဒိုနီးရှားအသင်းကို ၄ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံအဖြစ် ပထမ ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် အောင်မြင်စွာ ဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အတွက် အကြိမ် (၂၀)မြောက် အာရှအားကစား ပြိုင်ပွဲ၏ Mobile Legends : Bang Bang(MLBB) ပြိုင်ပွဲတွင် မြန်မာ Esports အားကစားနည်း၏ သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူပေးနိုင်ခဲ့သည်။

အဆိုပါ အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲ၏ Mobile Legends : Bang Bang (MLBB) ပြိုင်ပွဲတွင် ဒုတိယဆုကို အင်ဒိုနီးရှားအသင်းကလည်းကောင်း၊ တတိယဆုကို မလေးရှားအသင်းနှင့် မွန်ဂိုလီးယားအသင်းတို့က ပူးတွဲ၍လည်းကောင်း ရရှိခဲ့သည်။

မြန်မာ Esports အသင်းမှ ဆွတ်ခူးရရှိခဲ့သည့် ရွှေတံဆိပ်ဆုသည် ဆုတံဆိပ်တစ်ခုမျှတင်မကဘဲ မြန်မာ့ Esports သမိုင်းတစ်လျှောက် အာရှအဆင့်တွင် မြန်မာ Esports အားကစားနည်းအတွက် ပထမဆုံးရရှိခဲ့သည့် မြင့်မားလှသော အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး ယခုအောင်မြင်မှုသည် မြန်မာ့ Esports ကဏ္ဍတစ်ခုလုံး၏ အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်၍ နောင်လာမည့် မျိုးဆက်သစ် Esports အားကစား သမားများအတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်စေရုံသာမက ပြိုင်ပွဲဝင်နိုင်ငံများ၏ နိုင်ငံတကာစင်မြင့်ထက်တွင် မြန်မာနိုင်ငံတော်သီချင်းကို ဂုဏ်ယူဝင့်ကြွားစွာ သီဆို၍ နိုင်ငံတကာအလယ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏အလံကို ဆက်လက်လွှင့်ထူနိုင်ရန် အားအင်အပြည့်နှင့် စိတ်ဓာတ် ခွန်အားများစွာ ရရှိစေခဲ့သော အောင်မြင်မှုတစ်ရပ်လည်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

✾ *ကျော့ဖုံးမှ*

မွန်းလွဲပိုင်းပွဲစဉ်များတွင် YRG FC အသင်းက JV FC အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ULAD FC အသင်းက Pacific Sun Far အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ MIU FC အသင်းက YCDC Dream Team အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အပတ်စဉ်(၁၃) ပွဲစဉ်များအပြီးတွင် MIU FC အသင်းက ရမှတ် ၃၄ မှတ်(ဂိုးကွာခြားချက်)ဖြင့် အဆင့်(၁)နေရာသို့ တက်လှမ်းနိုင်ခဲ့ပြီး Pacific Sun Far FC က ၃၄ မှတ်ဖြင့် အဆင့်(၂)၊ YRG FC က ၃၄ မှတ် အဆင့်(၃)၊ ULAD FC ၂၇ မှတ် အဆင့်(၄)၊ YCDC Dream Team ၂၃ မှတ် အဆင့်(၅)၊ Gold Dream FC ၂၁ မှတ် အဆင့်(၆)၊ JV FC ၁၆ မှတ် အဆင့် (၇)၊ Royal Noka FC ၁၅ မှတ်(ဂိုးကွာခြားချက်)ဖြင့် အဆင့်(၈)၊ United City FC ၁၅ မှတ် အဆင့်(၉)၊ ရွှေပြည်သာယူနိုက်တက် ၇ မှတ် အဆင့် (၁၀)၊ မင်္ဂလာဒုံ FC ၃ မှတ် အဆင့် (၁၁)နှင့် Burmese Warriors FC အသင်းက ယနေ့ပွဲစဉ်တွင် ထပ်မံရှုံးနိမ့်ခဲ့သည့်အတွက် ရမှတ် ၁ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးနေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**

✜ *ကျော့ဖုံးမှ*

အမှတ်ပေးဇယား အဆင့် (၂)နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းသည် ပထမအကျော့တွင် ရတနာပုံအသင်းကို အနိုင်ရထားသည့်အတွက် ယနေ့ပွဲစဉ်တွင် ရမှတ်အပြည့်ရယူကာ အမှတ်ပေးဇယား အဆင့်(၁)နေရာသို့ တက်ရောက်နိုင်ရန် မျှော်မှန်းခဲ့သော်လည်း ပွဲအစ ၃ မိနစ်မှာပင် ရတနာပုံအသင်း တိုက်စစ်မှူး စိုးမောင်မောင်၏ ဦးဆောင်ဂိုးကို ခွင့်ပြုခဲ့ရသည်။ အဆင့်(၅)နေရာမှ ရတနာပုံအသင်းအနေဖြင့် ပထမအကျော့ရှုံးကြွေးပြန်ဆပ်ကာ ရမှတ်အပြည့်ရယူရန် အနိုင်ဂိုးများရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပွဲချိန် ၉၀+၃ မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းမှ ဖြိုးဝဏ္ဏစိုးက ချေပဂိုးပြန်လည်သွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျကာ ရမှတ်ခွဲယူခဲ့ရသည်။ ယနေ့ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းမှ ဖြိုးဝဏ္ဏစိုးက အကောင်းဆုံးကစားသမားဆု ရရှိခဲ့သည်။

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ရှောဝတီယူနိုက်တက်အသင်းက ချင်းလန်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရှောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် ကောင်းမြတ်စံ၊ ၁၆ မိနစ်တွင် ခွန်ရဲသူအောင်နှင့် မိနစ် ၆၀ တွင် ထက်အောင်လွင်တို့က သွင်းယူပေးခဲ့သည်။ ချင်းလန်းအသင်းအတွက် ချေပဂိုးများကို ပွဲချိန် ၄၃ မိနစ်တွင် လွန်ရာဂျင်နှင့် ၅၉ မိနစ်တွင် ထန်နိုင်တို့က အသီးသီးသွင်းယူပေးခဲ့သည်။ **နေမျိုး၊ ဓာတ်ပုံ-ML**

## ပြင်သစ်က လူစားဝင်ကစားသမားများ၏ သွင်းဂိုးများဖြင့် ဘယ်လ်ဂျီယံကို ဂိုးပြတ်အနိုင်ရ

အသင်းကြီး ပြင်သစ်အသင်းသည် အောက်တိုဘာ ၆ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က Stade de France ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် နေးရှင်းလိဂ်ပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းကို တိုက်စစ်ခြေစွမ်းပြကာ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဘယ်လ်ဂျီယံအသင်းသည် ပွဲချိန် ၃၅ မိနစ်တွင် ရရှိခဲ့သော လူကီဘာကီယို၏ သွင်းဂိုးဖြင့် ပြင်သစ်အသင်းကို မိနစ် ၇၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရပြီး ဂိုးပြတ်ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့သည်။ ပြင်သစ်အသင်းအတွက် သွင်းဂိုးများ ကို လူစားဝင်ကစားသမားများဖြစ်သည့် ဒေဇီရေးဒူအေး၊ ချာကီနှင့် အိုလီဆေးတို့က ပွဲချိန် ၇၇ မိနစ်၊ ၈၁ မိနစ်နှင့် ၉၁ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် အီတလီက တူကီယဲအသင်းကို သုံးဂိုး-တစ်ဂိုး၊ ဘော့စနီးယားက ပိုလန်ကို တစ်ဂိုး-ဂိုးမရှိ၊ ဆွီဒင်က ရိုမေးနီးယားကို တစ်ဂိုး-ဂိုးမရှိ၊ ဟန်ဂေရီက ယူကရိန်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့ပြီး မြောက်အိုင်ယာလန်နှင့် ဂျော်ဂျီယာအသင်း ပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည်။ **အောင်ဇော်**



## ဘယ်ဘက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားသောလက်အား မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး၌ ခွဲစိတ်ကုသ၍ အောင်မြင်စွာ ပြန်လည်တွဲဆက်ပေးနိုင်ခဲ့


ခွဲစိတ်ကုသပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် အောက်တိုဘာ ၆

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးတွင် မော်တော်ဆိုင်ကယ် မတော်တဆထိခိုက်မှုကြောင့် ဘယ်ဘက်လက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားခဲ့သည့် အသက် ကိုးနှစ်အရွယ်ကလေးငယ်တစ်ဦးအား ခွဲစိတ်ကုသ၍ ပြန်လည်တွဲဆက်ခြင်း (Replantation Surgery) ကို စက်တင်ဘာ ၃ ရက်တွင် အောင်မြင်စွာ ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေးငယ်သည် စက်တင်ဘာ ၃ ရက်တွင် ဟပ္ပလင်းမြို့၌ ထိခိုက်ဒဏ်ရာရရှိ၍ ဘယ်ဘက်လက်ပခုံးမှပြတ်တောက်သွားခဲ့ပြီး လူနာနှင့်အတူ ပြတ်တောက်သွားခဲ့သော ဘယ်ဘက်လက်အား စနစ်တကျထိန်းသိမ်း၍ ဒဏ်ရာရရှိပြီး ၆ နာရီအတွင်း တပ်မတော်လေယာဉ်ဖြင့် မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ပြတ်တောက်သွားသော ဘယ်ဘက်လက်အားပြန်လည်တွဲဆက် ကုသနိုင်ရန်အတွက် ကနဦး စမ်းသပ် စစ်ဆေးမှုများအား ပြုလုပ်ပေးခဲ့ပြီး ပထမအဆင့်ခွဲစိတ်ကုသမှုဖြစ်သော ပြန်လည်တွဲဆက်ကုသခြင်း(Replantation Surgery) ကို ဒဏ်ရာရရှိသည့်နေ့တွင်ပင် ၆ နာရီကြာ ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စက်တင်ဘာ ၃၀ ရက်တွင် လိုအပ်သော သွေးကြော၊ အာရုံကြောနှင့် အရိုးပိုင်းဆိုင်ရာစမ်းသပ်စစ်ဆေးကုသမှုများအား ထပ်မံပြုလုပ်ခဲ့ပြီး ဒုတိယအဆင့် ခွဲစိတ်ကုသမှုများဖြစ်သော လက်သို့ ထောက်ပံ့သော အာရုံကြောများ ခွဲစိတ်ကုသခြင်း (Brachial Plexus Surgery)၊ ပြတ်တောက်သွားသော အာရုံကြောများကို အစားထိုးတွဲဆက်ခြင်း(Nerve Graft Surgery)၊ အရွတ်ကြောများ ပြန်လည်တွဲဆက်ခြင်း (Internal Splintage) နှင့် အရေပြားအစားထိုးခြင်း(Split Skin Graft)တို့ကို ထပ်မံ၍ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ခွဲစိတ်ကုသချိန် ခြောက်နာရီကျော်ကြာမြင့်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် လူနာကလေးငယ်၏ ခွဲစိတ်ကုသမှုခံယူကာ ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တွဲဆက်ထားသောလက်၏သွေးလည်ပတ်မှု၊ အာရုံကြော တွဲဆက်ထားမှုနှင့် လက်၏ လှုပ်ရှားနိုင်မှုတို့အား ဆက်လက် ကြည့်ရှုကုသမှုများ လုပ်ဆောင်ပေးနေပြီး ပြန်လည်သန်စွမ်းရေး လေ့ကျင့်ခန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ ပြတ်တောက်သွားသော လက်အား ပြန်လည်တွဲဆက်ခြင်း ခွဲစိတ်ကုသမှုများကို တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီးမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပါရဂူ၊ သွေးကြောပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပါရဂူ၊ မေ့ဆေးပါရဂူ၊ ကလေးကုသမှုပါရဂူနှင့် ဓာတ်မှန်ပါရဂူများပါဝင်သော ကျွမ်းကျင်သူများနှင့် သူနာပြုများ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး၌ ၂၀၂၂ ခုနှစ်မှစတင်၍ လက်မပြတ်တောက်မှု၊ လက်ကောက်ဝတ်ပြတ်တောက်မှု၊ လက်ခလယ်ပြတ်တောက်မှု စသည့် အထူးလက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုခြောက်မျိုးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ပခုံးဆစ်မှ လုံးဝပြတ်တောက်သွားသော လက်တစ်ဖက်ကို ထပ်မံ၍ အောင်မြင်စွာခွဲစိတ်၍ ပြန်လည်တွဲဆက်ကုသနိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုကဲ့သို့ ပခုံးဆစ်မှ လုံးဝပြတ်တောက်ခြင်းဖြစ်စဉ်မှာ ဖြစ်ပွားမှုနည်းပါးပြီး ယခုကဲ့သို့ ပြင်းထန်သော ဘယ်ဘက် ပခုံးအဆစ်မှ လက်ပြတ်တောက်သွားခြင်း (Forequarter Amputation)ကို အောင်မြင်စွာခွဲစိတ်၍ ပြန်လည်တွဲဆက်ပေးနိုင်ခြင်း (Replantation Surgery) သည် ကာယကံရှင်ကလေးငယ်နှင့် မိသားစုတို့၏ ဘဝမျှော်လင့်ချက်များ ပြန်လည်ပေးအပ်နိုင်သကဲ့သို့ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အတွက်လည်း ဂုဏ်ယူဖွယ် သမိုင်းမှတ်တိုင်သစ်တစ်ခုကို အောင်မြင်စွာ စိုက်ထူနိုင်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှု ဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၆

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှု ဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်- လောင်းလုံး - ကျောက်နီမော် - ရှင်မော် လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်း၊ မြေပြိုကျ၍ လမ်းပိတ်ခြင်းနှင့် လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များ ပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျနေသော မြေစိုင်၊ မြေခဲများအား ဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သော ကူညီကယ်ဆယ်ရေးများက သဘာဝဘေးဒဏ်ထိခိုက်မှုများပြားခဲ့သည့် ကဒက်ငယ်ထိန်ကျေးရွာ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် အဆိုပါ ကူညီကယ်ဆယ်ရေးအဖွဲ့သည် လောင်းလုံးမြို့ ပတ်ဝန်းကျင်ဒေသရှိ သဗျာ၊ ပညင်း၊ ညင်းမော်၊ ပြင်းထိန်၊ ပိန်းချောင်းနှင့် စန်းလှမ်းကျေးရွာများမှ ဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးခြင်း၊ နေအိမ်များအတွင်း ဝင်ရောက်နေသော ရွှံ့မြေများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ နေအိမ်နှင့် လမ်းများပေါ်ရှိ ပြိုကျနေသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ကဒက်ငယ်ထိန်ကျေးရွာ လမ်းမပေါ်ရှိ ပြိုကျနေသော မြေများအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများအား မြေညှိပြုပြင်ပေးခြင်း၊ တံတားများတွင်ပိတ်နေသော အမှိုက်များအား ရှင်းလင်းပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျောက်နီမော်ကျေးရွာတွင် ကျေးရွာအတွင်းနှင့် လမ်းပေါ်ရှိ ပြိုကျမြေစိုင်၊ မြေခဲများအား ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် လမ်းမတစ်လျှောက်နှင့် စာသင်ကျောင်းတို့၌လည်း နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ မြစ်ရေပြန်လည်ကျဆင်းသွားပြီးနောက် တင်ကျန်ခဲ့သည့် နုန်းမြေများနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေပြန်လည်ကျဆင်းသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်မြစ်ရေတိုက်စားမှုများကြောင့် ဝန်းမြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့ပြီး ရေဝင်ရောက်မှုကြောင့် လေးမျက်နှာ မြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။



အဆိုပါ ဝန်းမြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၌လည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် ကျုံပျော်မြို့နယ်၌လည်းကောင်း ရေများပြန်လည်ကျဆင်းသွားခဲ့ပြီး ရေကြည်မြို့နယ်အတွင်း ၁၀ ပေ ၁၁ လက်မခန့်နှင့် ငါးသိုင်းချောင်းမြို့နယ်အတွင်း ၁၀ ပေ ၆ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်း၊ တံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် သတင်းပေးတိုင်ကြားချက်အရ အောင်ပန်းဘုန်းကြီးကျောင်းတိုက်၊ အမှတ်(၃၄)၊ ရေတာရှည်လမ်းဟောင်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လိပ်စာသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းမှ ရှာဖွေတွေ့ရှိရသော အောက်ဖော်ပြပါဆေးဝါးနမူနာများဖြစ်သည့် ဆေးတောင့်/ဆေးထုပ်တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်း၊ အနောက်တိုင်းဆေးဝါးများ (Diclofenac and Dexamethasone) ရောနှောထားခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါသဖြင့် အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | အောင်ပန်းဆရာတော် သောက်တဲ့ဆေး သက်သေခံအမှတ်(က) | ဒူးနာ ခါးနာ ပျောက် | ဆေးတောင့်/ထုပ် | အောင်ပန်းဘုန်းကြီးကျောင်းတိုက်၊ အမှတ်(၃၄)၊ ရေတာရှည်လမ်းဟောင်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။ | Diclofenac and Dexamethasone |
| ၂။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ သက်သေခံအမှတ်(ခ) | | ဆေးတောင့်/ထုပ် | | |
| ၃။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ သက်သေခံအမှတ်(ဃ) | | ဆေးတောင့်/ထုပ် | | |
| ၄။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ သက်သေခံအမှတ်(ဂ) | | ဆေးမှုန့်/ထုပ် | | မှတ်ပုံတင်ထားခြင်း မရှိ |



Diclofenac နှင့် Dexamethasone ရောနှောသည့် ဆေးထုပ်နမူနာများ

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ယဉ်ကျေးလိမ္မာ၊ ဗုဒ္ဓဝင်နှင့် ပြည်သူ့နီတိ သင်တန်းဖွင့်လှစ်ပြီး ပြဋ္ဌာန်းစာအုပ်များ ပေးအပ်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၆**

အောင်မြေသာစံမြို့နယ် အိုးဘိုရပ်ကွက်ရှိ အိုးဘိုဘုန်းတော်ကြီးသင် အလယ်တန်းကျောင်း၌ (၃၈)ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာ၊ ဗုဒ္ဓဝင်နှင့် ပြည်သူ့နီတိသင်တန်းဖွင့်လှစ်ခြင်းနှင့် စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ပြဋ္ဌာန်းစာအုပ်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပရာ မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဩဝါဒါစရိယ ဆရာတော် ဓမ္မာစရိယ၊ ဝိနယဝိဒူ ဘဒ္ဒန္တအရှင်တေဇက ဩဝါဒစကားမိန့်ကြားပြီး မန္တလေးတိုင်းဒေသကြီး YMBA ဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇ ဦးမိုးဇော်ထွန်းက အိုးဘို(ဘ/က)အလယ်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် (၃၈)ဖြာ မင်္ဂလာယဉ်ကျေးလိမ္မာစာအုပ်၊ ပြည်သူ့နီတိစာအုပ်နှင့် ရုပ်စုံဗုဒ္ဓသာသနာဝင်စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဘုန်းမြတ်**



**ကျေးရွာသစ်တော၊ ထင်းမျှောအိမ်တိုင်၊ လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့။**

❖ *ကျော့ဖုံးမှ*

အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ အနက် ဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံများကို ယနေ့တွင် ဒုတိယပိုင်းအနေဖြင့် စတင်ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး သတင်းကွင်းဆက်များရယူ၊ အစီအမံများရေးဆွဲ၍ အသေးစိတ်ဝင်ရောက်ရှင်းလင်းခဲ့ရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိ ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ ၆၃၅ လုံးအား ရှာဖွေဖော်ထုတ် ဝင်ရောက်ရှင်းလင်းနိုင်ခဲ့ပြီး ယင်းဒေသတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုံးဝပြန်လည်အခြေမချနိုင်စေရေးအတွက် အဆိုပါ အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို အပိုင်း (၁၊ ၂၊ ၃) သတ်မှတ်၍ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ရာနှုန်းပြည့် စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ကြောင်းကိုလည်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်း လုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၄၀ လုံးအား စစ်ဆေး ဖော်ထုတ်နိုင်ခဲ့သည်။

၎င်းတို့အားချိတ်ပိတ်၍ အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို အဆောက်အအုံ အမျိုးအစား အလိုက် ခွဲခြားသတ်မှတ်၍ ဆောင်ရွက်ခဲ့ရာ ပထမပိုင်းအနေဖြင့် အဆောက်အအုံ ၇၇ လုံးအား ဇူလိုင်လ ၂၆ ရက်နေ့တွင် စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယပိုင်း အနေဖြင့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျထပ်မံဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံအမျိုးအစားများမှ ၅ ထပ် အဆောက်အအုံ ၁ လုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၄၀ လုံးအနက် ၇၇ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်၍ ယခုဖြိုချဖျက်ဆီးဆဲ ၁ လုံးနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၆၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဒုတိယပိုင်းအနေဖြင့် ဆက်လက်ဖြိုချဖျက်ဆီးမှုမြေပုံ။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ စနစ်တကျ အစီအစဉ်ချ၍ အပြီးတိုင် အမြစ်ပြတ် ရှင်းလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အလှမ်းဝေးသော နယ်စပ်ဒေသများတွင် အခြေပြုခိုအောင်းလုပ်ကိုင်နေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ ကျူးလွန်နေသူများကိုလည်း ပြင်းထန်ထိရောက်စွာ ဖမ်းဆီးအရေးယူ၍ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## ကဝမြို့နယ် မူလွန်(ဇွဲကိုက်)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

ကဝ အောက်တိုဘာ ၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်း၊ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် မူလွန်(ဇွဲကိုက်)ကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ



ဒေါ်သန်းသန်းဝင်းတို့က ကျောင်းသားလူငယ်များ ဗလငါးတန် ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သူများဖြစ်လာစေရန် သိသင့်သိထိုက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်အဖြစ် ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား အသိပညာတိုးပွားစေမည့် ရုပ်ပုံပါ ပုံပြင်စာအုပ်များဖြင့် ပုံပြင်ပြောပြခြင်း၊ စာအုပ်များကို ဖတ်ရှုစေခြင်းနှင့် ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း၊ လူကုန်ကူးမှု အန္တရာယ်များအကြောင်း အသိပညာပေးနံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

## ကျိုက်မရောမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်

ကျိုက်မရော အောက်တိုဘာ ၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း (၁/၂၀၂၆)ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ကျော်နိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်သောင်းဦးတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။



အဆိုပါသင်တန်းကို ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးပတ်ဖြစ်ကြောင်း သိရသည်။

ချို့မြတ်မြတ်ထွေး(ပြန်/ဆက်)

## ကျောက်တံခါးမြို့နယ်၌ ဆောင်းသီးနှံဆီထွက်ပဲပုပ် ရေဆင်း-၁၅ မျိုးစေ့များပေးအပ်

ကျောက်တံခါး အောက်တိုဘာ ၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မြို့နယ်အတွင်းရှိ တောင်သူများအား ဆောင်းသီးနှံ ဆီထွက်ပဲပုပ် ရေဆင်း-၁၅ မျိုးစေ့များပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ဆင်ဇလုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်



အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျင်ဆန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်နိုင်တို့က ဆောင်းသီးနှံ ဆီထွက်ပဲပုပ် ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆောင်းသီးနှံ ဆီထွက်ပဲပုပ်စိုက်ပျိုးမည့် တောင်သူများထံ ရေဆင်း-၁၅ ပဲပုပ်မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးမင်း(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

ချောင်းဆုံ အောက်တိုဘာ ၆

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက သင်တန်းသားများအား အရန်မီးသတ်တပ်ဖွဲ့ဝင် ဝတ်စုံများ ပေးအပ်သည်။

အဆိုပါသင်တန်းကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းနည်းပြ ခြောက်ဦးတို့က အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တို့အား



အောက်တိုဘာ ၅ ရက်မှ ၃၀ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

## ဝါးခယ်မမြို့နယ်၌ ရေရှားပါးမှုမရှိစေရေး ရေလှောင်ကန်များ သန့်ရှင်းရေးဆောင်ရွက်

ဝါးခယ်မ အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ စူပါအယ်လ်နီညို ဖြစ်ပွား



နိုင်သည့်ကာလအတွင်း ရေရှားပါးမှုမရှိစေရေးအတွက် အောက်တိုဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများပူးပေါင်း၍ ဝါးခယ်မမြို့ ရေကျော်ရပ်ကွက် မုခ်ခဝတီကျောင်းလမ်းရှိ မိုးရေလှောင်ကန်တစ်ကန်နှင့် ဆေးရုံရပ်ကွက် မုံရွာကျောင်းလမ်း မုံရွာဘုန်းကြီးကျောင်းတိုက်ရှိ မိုးရေလှောင်ကန်နှစ်ကန်တို့ကို သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ကန်ဆယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရီရီလွင်(ပြန်/ဆက်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## တောင်ငူ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

တောင်ငူ အောက်တိုဘာ ၆

တောင်ငူခရိုင်ရုံးလူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့က “လူငယ်နှင့် ပတ်ဝန်းကျင်”ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကျင်းပရာ တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးစန္ဒာတို့က ပတ်ဝန်းကျင်၏အဓိပ္ပာယ်၊ ကမ္ဘာတွင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအရေးကြီးပုံစသည့် အချက်များကို ဆွေးနွေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)



မော်လမြိုင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပရာ သီးသန့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက် သင်ကြားစဉ်။

ရွှေမြိုင်သူ(ပြန်/ဆက်)



မုဒုံမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၆)ဖွင့်ပွဲကို အောက်တိုဘာ ၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်သင်ကြားစဉ်။

ရာမည(ပြန်/ဆက်)



ဒိုက်ဦးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း(၁/၂၀၂၆)ကို စက်တင်ဘာ ၅ ရက်က မီးသတ်ရုံးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်မီးသတ်ဦးစီးမှူးက အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ ပေးအပ်စဉ်။ စိုးထက်ကျော်(ပြန်/ဆက်)



ငပုတောမြို့နယ် မန်ကျည်းပင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၆ ရက်က အရန်မီးသတ်တပ်ဖွဲ့လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲကျင်းပရာ အောက်တိုဘာ ၅ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက်သင်ကြားစဉ်။ အောင်သူ(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၆**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်နှင့် လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အမျိုးသား/ အမျိုးသမီး မီတာ- ၃၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/ အမျိုးသမီးမီတာ-၁၀၀ လေးယောက် လက်ဆင့်ကမ်းပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံ (၅)အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီးခုနစ်မျိုးစုံ (၇)မီတာ-၈၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ-၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲများကိုလည်းကောင်း၊ ဇေယျာသီရိ အမှတ်(၁) လေ့ကျင့်ရေးကွင်း၌ အမျိုးသား/အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံ (၆) လှံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ အမျိုးသား/ အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီးယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား /အမျိုးသမီးကွာတားအဆင့်ပတ်လည်ပြိုင်ပွဲများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(C)၌ အမျိုးသားဗန်တိုအတိုက်(က)တန်း၊ အမျိုးသားဗန်တိုအတိုက်(ခ)တန်း၊ အမျိုးသားပန်ကြပ်ဆီလပ်အတိုက်(က)တန်း၊ အမျိုးသားပန်ကြပ်ဆီလပ်အတိုက်(ခ)တန်း၊ အမျိုးသမီးပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသား ဓားနှစ်လက်အတိုက်(ခ)တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်(ခ)တန်း၊ အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲများကို လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အသက်(၂၅) နှစ်အောက် သုံးယောက်တွဲအဖွဲ့လိုက် အုပ်စုပွဲစဉ်များ၊ ရှုံးထွက်ပွဲစဉ်များ၊ အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း၊ (၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် (၆၃) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဇေယျာသီရိ အမှတ်(၁)လေ့ကျင့်ရေးကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ငွေဆောင်ကမ်းခြေဒေသ သန့်ရှင်းသာယာလှပရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်

**ပုသိမ် အောက်တိုဘာ ၆**

ငွေဆောင်ကမ်းခြေဒေသ သန့်ရှင်းသာယာလှပရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ငွေဆောင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ Sunny Paradise Resort ဟိုတယ်၌ ယမန်နေ့က ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ မြို့အဆင့်ဌာနဆိုင်ရာများ၊ ဟိုတယ်ဇုန်လုပ်ငန်းရှင်များနှင့် မန်နေဂျာများ၊ ကမ်းခြေဒေသ စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တွေ့ဆုံဆွေးနွေးကာ ဟိုတယ်များကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တက်ရောက်လာကြသူများက ငွေဆောင်ကမ်းခြေဒေသ သန့်ရှင်းသာယာလှပရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တမူးမြို့၌ အခြေခံလက်သမားသင်တန်းဖွင့်

**တမူး အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံလက်သမားသင်တန်း (၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ တမူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က လုပ်ငန်းခွင်တွင် တိုက်ရိုက်လုပ်ကိုင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန် ကြိုးစားသင်ယူသွားကြရန် ပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မျိုးနှင့် တာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ကာ သင်တန်းသား ၂၀ အား ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



**ရတနာ(တမူး)**

# ကော့သောင်းမြို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ကော့သောင်း အောက်တိုဘာ ၆**

ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးသိုက်ထွန်းနှင့် သင်တန်းကျောင်း ကျောင်းအုပ် ဒေါ်ဝေဝေခိုင်တို့က သင်တန်းတွင် ထူးချွန်ဆုရရှိသူ သင်တန်းသူတစ်ဦးအား အပ်ချုပ်စက်ချီးမြှင့်ပြီး သင်တန်းကျောင်းအုပ်က သင်တန်းသူ ၂၀ အား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။



ထို့နောက် တာဝန်ရှိသူများက သင်တန်းခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် သင်တန်းသူများ၏ လက်ရာဇာထိုး၊ ပန်းထိုးနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အဝတ်အထည်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက် ၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“နိုင်ငံတွင်း ပညာတတ်လူငယ် ပေါ်ထွန်းလာမှုကို မလိုလား၍ ပညာရေးဝန်ထမ်းများနှင့် အနာဂတ်ကြယ်ပွင့် ကျောင်းသား၊ ကျောင်းသူများကို အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင် နှိပ်စက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ ”** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် **“တာဝန်ယူစိတ်မရှိတဲ့ အကြမ်းဖက် NUG ရဲ့ စကားတွေအောက်မှာ တစ်ယူသန်စိတ်နဲ့ ဘဝနစ်မွန်းခံမှာလား၊ လွတ်လပ်ပျော်ရွှင်တဲ့ ပြည်သူလုပ်မှာလား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




လပွတ္တာမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို အောက်တိုဘာ ၆ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံများ ပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်နှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ ကျောင်းပြင်ပဗဟုသုတများ ရရှိစေရန်နှင့် ကျောင်းသား ကျောင်းသူ လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ကျည်တောင်ကန်)မှ ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များ ပေးဝေကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။ **သတင်းစဉ်**



ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

## လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာရပ်ကွက် ဗျူဟာလမ်းရှိ အဆောင်တစ်ခု၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာရပ်ကွက် ဗျူဟာလမ်းရှိဝင်းချယ်ရီအဆောင်၌အွန်လိုင်းလိမ်လည်လောင်းကစားခြင်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ရှာဖွေစစ်ဆေးရာ အဆိုပါ အဆောင်ရှိအခန်းတစ်ခန်းအတွင်းမှအွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူ အမျိုးသား ၂ ဦးနှင့် အမျိုးသမီး၂ ဦးကို အွန်လိုင်းလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီ ၅ မိနစ်ခန့်တွင် အွန်လိုင်းလိမ်လည်လောင်းကစားခြင်းနှင့်ပတ်သက်သည့် သတင်းများအရ လားရှိုးမြို့ ဗျူဟာလမ်းရှိ ဝင်းချယ်ရီအဆောင်အတွင်း ဝင်ရောက်ရှာဖွေ စစ်ဆေးရာ အဆောင်ရှိ အခန်းအမှတ်(၂၁၄) အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူ လားရှိုးမြို့နေ မင်ဟွေးဆင် (ဘ) ဦးငွားဝူ၊ မဇေ့ဖူး(ဘ) ဦးငွားဝူ၊ ကောင်းဝင်းကြည် (ခ) အန်းဝယ် (ဘ) ဦးကောင်းကျော်နှင့် ထန်အင်ရှီ(ခ) အဖျင်း (ဘ) ဦးဖာဝမ်းတို့ လေးဦးကို အွန်လိုင်းလောင်းကစား လုပ်ကိုင်ရာတွင် အသုံးပြုသည့် Laptop ၄ လုံး၊ All in One ကွန်ပျူတာ ၁ လုံး၊ ဖုန်းမျိုးစုံ ၇ လုံး၊ Wifi စက် ၂ လုံး၊ ငွေကျပ် ၄၇၅၀၀၀ တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူများအား လားရှိုးမြို့မရဲစခန်း၌ အီလက်ထရောနစ် ဥပဒေပုဒ်မ ၃၃ (က) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်း မရှိစေရေးနှင့် အပြီးတိုင် ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)




ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြမြေပုံ။



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ဖမ်းဆီးရမိသည့်နေရာ။



ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ အသုံးပြုသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

## အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားပြီး ရရှိသော ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၆**

အမျိုးသမီးငယ်များကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားပြီး ရရှိသော ငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တာကြီးရပ်ကွက်နေ အမျိုးသမီးတစ်ဦးအား တစ်အိမ်တည်းနေ အဘိုးဖြစ်သူ၏ နောက်အိမ်ထောင် ဒေါ်စန်းမိုး(ခ)မိသဲက တရုတ်အမျိုးသားနှင့် တစ်နှစ်ပေါင်းသင်းရမည်၊ ငွေကျပ်သိန်း ၉၀ ရရှိမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး ၎င်း၏သမက်ဖြစ်သူ ကျော်ဝင်းထွန်း(ခ)ဝေလင်း၊ သမီးဖြစ်သူ စိုးသန္တာ(ခ)စိုးသန္တာထွန်းတို့နှင့် မဝတ်ရည်တို့က မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရန်ခေါ်ဆောင်လာကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်နယ်မြေရဲစခန်း (ပ)၆၂/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ပြင်ဦးလွင်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ကျော်ဝင်းထွန်း(ခ)ဝေလင်းအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် ၂၃ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်စန်းမိုး(ခ)မိသဲ၊ မဝတ်ရည်နှင့် စိုးသန္တာ (ခ)စိုးသန္တာထွန်းတို့ ၃ ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာနေ အမျိုးသမီးတစ်ဦးအား မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်နေ မရတနာဦး(ခ)မရတီမိုင်းနှင့် ခင်ပွန်းဖြစ်သူ ပြည့်ဖြိုးမောင်တို့က TikTok အကောင့်မှတစ်ဆင့် ထမင်းချက် အလုပ်ရှိကြောင်း၊ တစ်လငွေကျပ် ၂၅ သိန်းရရှိမည်ဟု ပြောဆိုစည်းရုံးခေါ်ဆောင်ခဲ့ပြီး ထမင်းချက်အလုပ်မခိုင်းဘဲ စားသောက်ဆိုင်များတွင် စင်တင်ရှိုးလျှောက်ခြင်း၊ အမျိုးသားများနှင့် ဝိုင်းထိုင်ခြင်း၊ အမျိုးသားများနှင့် ပြင်ပသို့လိုက်၍ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ရမည်ဖြစ်ကြောင်း ပြောသဖြင့် ထွက်ပြေးခဲ့သော်လည်း အခန်းတွင်းပိတ်လှောင်ထားသဖြင့် မိဘများထံမှ ငွေကျပ် ၅ သိန်း တောင်းခံပြီး မရတနာဦး(ခ)မရတီမိုင်းနှင့် ပြည့်ဖြိုးမောင်တို့အားပေး၍ နေအိမ်ပြန်ခဲ့ရကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလို ပြုလုပ်တိုင်တန်းခဲ့ရာ ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း(ပ)၉၀/၂၀၂၄၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မရတနာဦး(ခ)မရတီမိုင်းနှင့် ပြည့်ဖြိုးမောင်တို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့(၁၀)
## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
## တင်ဒါအမှတ်စဉ်( ၂/၂၀၂၆-၂၀၂၇)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၁၀)၊ မုံရွာမှ တာဝန်ယူတည်ဆောက်မည့် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ အပ်နှံသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** | - | (၁၄-၁၀-၂၀၂၆)ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - | (၂၁-၁၀-၂၀၂၆) ရက် |
| **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** | - | တင်ဒါတင်သွင်းသူများသို့ ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။ |

အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့(၁၀)၊ မုံရွာမြို့ ဖုန်း-၀၉-၄၀၀၄၀၆၀၆၉၊ ၀၉-၂၅၃၀၇၄၇၈၈ တို့သို့ ရုံးချိန်းတွင် စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ နည်းဥပဒေ ၂၀)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၆

| | | |
|---|---|---|
| ဒေါ်မေသန္တာကျော်ဦး | **နှင့်** | ဦးစန် (ခ) ဦးစံ |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ ဝေဘာဂီလမ်းနေ ဦးစန်(ခ)ဦးစံ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မေသန္တာကျော်ဦး က မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်မြတ်ထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ပဲခူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ မြို့ဝမ်ရပ်ကွက်၊ နယ်မြေ(၇)၊ အကွက်အမှတ်(၁+၁၀ တိုးချဲ့ကွက်)၊ ဦးပိုင်အမှတ်(၆၂၄)၊ ဧရိယာ (၀.၀၉၆)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၁၀၈၉-၅/၂၀၁၈-၁၉၊ ဒေါ်နန်းခင်းဖုန်းမို့ ၁၃/ကခန(နိုင်)၀၀၁၇၅၉ အမည်မြေကွက်အား ဒေါ်နန်းခင်းဖုန်းမို့ ၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်ခင်မြတ်ကြူခိုင် ၁၃/၀၃၄၇၇၃မှ ဦးကိုကိုထွန်း ၁၃/ကလတ(နိုင်)၀၃၄၅၈၅ ထံသို့ စာချုပ်အမှတ်(၂၇၉၊/၂၀၂၆)ဖြင့် ရောင်းချပြီးဖြစ်၍ ဦးကိုကိုထွန်းအမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးကိုကိုထွန်း အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ သီရိမဟာရပ်ကွက်၊ နယ်မြေ(၉)၊ အကွက်အမှတ်(စက်မှုလယ်ယာအရှေ့)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ (၀.၀၉၆)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၇၄၃-၅/၂၀၀၂-၀၃(စီ)၊ ဒေါ်ကျန်ပေါက်ဂျီ ၁၃/လရန(နိုင်)၀၀၄၀၇၆ အမည်ပေါက် မြေကွက်အား ဒေါ်ကျန်ပေါက်ဂျီ၏အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးအောင်ပန်း ၁၃/လရန(နိုင်)၀၅၄၅၇၀ မှ ဦးဟွာဆန်၊ ၁၃/လရန(နိုင်) ၁၂၀၂၇၆ ထံသို့ စာချုပ်အမှတ်(၂၈၄၊/၂၀၂၆)ဖြင့် ရောင်းချပြီးဖြစ်၍ ဦးဟွာဆန်အမည်ဖြင့် အမည်ပြောင်းထပ်မံ အသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးဟွာဆန်အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ သီရိမဟာရပ်ကွက်၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၉၆၄)၊ ဧရိယာ(၀.၀၉၆)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ်၊ ၉၃-၅/၂၀၁၁-၁၂(စီ)၊ ဗိုလ်မှူးမျိုးအောင် ၁၂/ကမန(နိုင်)၀၁၃၅၂၃ အမည်ပေါက် မြေကွက်အား ဗိုလ်မှူးမျိုးအောင်၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးအောင်စိုးဦး ၁၃/လရန(နိုင်)၀၁၈၀၃၈မှ ဒေါ်နွယ်နွယ်စိုး ၁၃/လရန(နိုင်) ၀၀၂၁၃၄ထံသို့ စာချုပ်အမှတ်(၂၀၀၊/၂၀၂၆)ဖြင့် ရောင်းချပြီးဖြစ်၍ ဒေါ်နွယ်နွယ်စိုးမှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ(၂၁) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်နွယ်နွယ်စိုး အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ နေပြည်တော်ရုံးချုပ်တွင်အသုံးပြုပြီးသား အသင်းအမည်ပေါက် မော်တော်ယာဉ်များအား ထုခွဲရောင်းချနိုင်ရန်အတွက်အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ခြင်းရက်အား သက်တမ်းတိုးမြှင့်ထားပါသဖြင့် စိတ်ပါဝင်စားသူများမှ တင်သွင်းနိုင်ပါရန် ထပ်မံ၍ ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများ ထုတ်ယူရမည့်နေ့ရက်၊ မော်တော်ယာဉ် မျက်မြင်ကြည့်ရှုရမည့် နေ့ရက်နှင့်၊ တင်ဒါပုံစံများ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန်မှာ ၁၂-၁၀-၂၀၂၆ ရက် (ရုံးချိန်အတွင်း) ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ

(က) ထောက်ပံ့၊ ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးဆိုင်ရာစီမံခန့်ခွဲမှုဌာန (နေပြည်တော်ရုံး) ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်
ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၉-၉၆၂၃၀၄၇၁၆

(ခ) ထောက်ပံ့၊ ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာစီမံခန့်ခွဲမှုဌာန (ရန်ကုန်ရုံး)
အမှတ်-၄၂၊ ကမ်းနားလမ်း၊ ကြက်ခြေနီအဆောက်အအုံ (၄) လွှာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၁ ၃၉၂၀၂၈ ~ ၃၀ (လိုင်းခွဲ-၁၁၉)၊ ၀၉-၈၉၅၃၈၅၇၇၀

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## လူပုဂ္ဂိုလ်
## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒိုက်ဦးမြို့နယ်နေ ကျွန်မ ဒေါ်အိသိင်္ဂီအောင် (၇/ဒဥန(နိုင်) ၂၀၂၃၈၅)၏ မိခင် ဒေါ်မာမာဦးနှင့် ဒေါ်မာဦး အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အထက (ရွှေကုက္ကိုလ်မြိုင်) Grade-4 အတန်းမှ စောသက်အောင် ၏ ဖခင်အမည်မှန်မှာ ဦးစောလင်းအောင် ၃/မဝတ(နိုင်) ၀၇၆၈၆၉ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ)ဦးဆွဇ်ထွမ်း ၏သမီး ကျွန်မ မယော့တောင်း (၁၃/မမထ(နိုင်)၀၀၆၇၀၁) ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH- 338304) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၆၉၃၂၂၇

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအိုက်ပန် ၏သမီး ကျွန်မ အီရှုန်လွတ်(၁၃/မယတ(နိုင်)၀၃၁၈၉၇) ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME- 410538) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၃၀၂၃၈၇၈

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၆)၊ မြေကွက်အမှတ် (၁၂၆၆-၁၂၆၇)၊ ဧရိယာ (၀.၀၆၈) ဧက၊ စတုရန်းပေ(၃၀၀၀) ရှိ (အရပ်ခေါ်) အမှတ် (၁၂၆၆-၁၂၆၇)၊ ဘောဂမြိုင်လမ်း၊ အမှတ် (၅) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် မြေကွက်နှင့် ဘောဂမြိုင်နှင့်ဘောဂမြိုင် (၄) လမ်းထောင့်ရှိ မြေကွက်ပေါ် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး” တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲလွင်ဦး (၁၄/ကကထ(နိုင်)၁၄၁၂၃၀) မှ အရပ်ကတိစာချုပ်အသီးသီးဖြင့် ချုပ်ဆိုဝယ်ယူခဲ့ပြီး လက်ဝယ်ပိုင်ဆိုင်နေထိုင်နေခြင်းဖြစ်ပါသည်။

ယခုအခါ ဦးရဲလွင်ဦးအနေဖြင့် အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ဂရန်အမည်ပေါက် လျှောက်ထားရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲလွင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နေဇာမျိုးဆွေ အထက်တန်းရှေ့နေ (စဉ် - ၆၃၂၅/၂၀၂၃)**
**အမှတ် - ၈၃၊ အခန်း - ၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉ - ၄၄၇၇၄၅၀၉၈၊ ၀၉-၆၆၀၅၅၀၆၁၆**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/4636 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၇၃၈၇၃, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူ ၁၄/ဟသတ(နိုင်)၂၈၁၇၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/14474 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နေရီလင်းမောင် ၇/တငန(နိုင်)၂၃၄၆၂၈ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(တောင်ငူ)**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်လျက် Computer, Laptop နှင့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဝယ်ယူရန်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံများ ထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** | - | ၇-၁၀-၂၀၂၆ (ရုံးချိန်အတွင်း) |
| | **တင်ဒါပုံစံများနောက်ဆုံး ထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** | - | ၂၃-၁၀-၂၀၂၆ (ရုံးချိန်အတွင်း) |
| | **တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်နေ့ရက်နှင့်အချိန်** | - | ၃၀-၁၀-၂၀၂၆ (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ** | - | မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ) အမှတ် (၄၂)၊ စတုတ္ထအထပ်၊ ကမ်းနားလမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၁- ၈၃၉၂၀၂၈ ~ ၃၀ (လိုင်းခွဲ-၁၁၉)၊ ၀၉ -၈၉၅၃၈၅၇၇၀ |

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်လုပ်ငန်းအသေးစိတ် အချက်အလက်များအား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## မြေငှားဂရန်လျှောက်ထားချက်အပေါ်ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဦးဇော်မျိုးထက် | ချောင်းသာ | အမှတ်(၃) | ၁၉၉၀/ချောင်းသာ | ဇ-၇ | ၀.၂၂၀ | သစ် |
| ၂ | ဒေါ်ထုဆန် | ချောင်းသာ | အမှတ်(၁) | ၁၉၉၀/ချောင်းသာ | က-၅၈ | ၀.၀၇၃ | ပြောင်း |
| ၃ | ဒေါ်မြင့်ဝင်း | ချောင်းသာ | အမှတ်(၂) | ၁၉၉၀/ချောင်းသာ | စ-၁(က) | ၀.၀၇၃ | သစ် |
| ၄ | ဦးသန်းလွင်ဋ္ဌေး | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | R-၆၅(ခ) | ၀.၀၂၇၅ | သစ် |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၈)တဖက္ကာကွင်း၊ မြေကွက်အမှတ်(၁၇၉)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၈/၂၀၁၈(၄-၉)အရ ဒေါ်ခင်မာချို အမည်ဖြင့် ရရှိခဲ့ပြီး ဒေါ်ခင်မာချို၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်ဟေမာစိုးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၀၆၃/၂၀၂၆)ဖြင့် လန်လင်ဖတ်(ခ) ဦးမောင်မောင်အေး၊ ဦးမြင့်လွင် တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး လန်လင်ဖတ်(ခ)ဦးမောင်မောင်အေး ၆/မအရ(နိုင်)၀၈၉၆၁၅၊ ဦးမြင့်လွင် ၁၂/မဂတ(နိုင်)၀၈၃၆၉၄တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၉)၊ မြေကွက်အမှတ် (၅၅၂)မြေအကျယ်အဝန်းပေ(၄၀X၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကြည်သိမ်း(၇/ပခန(နိုင်)၀၀၄၇၁၁) အမည်ပေါက် မြေချပါမစ်မူရင်း၊ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်မူရင်းများနှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စုမြတ်သီ (၇/ပခန(နိုင်)၂၇၆၈၆၇)မှ အရှုပ်အရှင်းကင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်တော်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပက်သက်၍အကျိုးသက်ဆိုင်သူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းသန်း (၁၂/ဒဂရ(နိုင်)၀၀၄၀၇၃) ၊ ဖုန်း-၀၉-၅၀၅၁၆၈၂**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁(က)ကန်ကြီးကွင်း၊ မြေကွက်အမှတ်(၁၁/၁၁၈/၁)၊ မြေဧရိယာ ၀ ဒသမ ၀၃၇ ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၁၇၂/၂၀၁၅-၂၀၁၆ အရ ဦးမျိုးမြင့်၊ ဒေါ်စန်းစန်းဦး အမည်ဖြင့် ရရှိခဲ့ပြီး (၂၄-၄-၂၀၂၆)ရက်တွင် မြေငှားဂရန်သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန်အား(အသစ်) လျှောက်ထားနိုင်ရေး ဦးမျိုးမြင့် ၆/ရဖန(နိုင်)၀၂၆၁၁၉၊ ဒေါ်စန်းစန်းဦး ၁၂/တကန(နိုင်)၁၃၈၈၆၄ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/3180 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ် အ-ထ-က(ခွဲ) ကျောင်းရွာ G-8 တွင် ပညာသင်ကြားနေသော မဇင်သွယ်ဦး ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သွင် ၉/တကန(နိုင်) ၁၉၉၁၇၉ ဖြစ်ပါကြောင်း။

**ဖုန်း-၀၉ ၆၇၇၃၂၃၄၃၇**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/5345, Honda Insight ZE2 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိမ္မွန်ထွန်း ၈/ပခက(နိုင်)၂၆၃၃၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးချစ်ကိုကို ၏သမီး - မဟန်နီကိုကို ၁၂/ပဇတ(နိုင်) ၀၃၃၈၇၉ ၏ ပါတ်စ်ပို့နံပါတ် (MG-130930) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း - ၀၉- ၇၆၀၂၃၆၂၁၆**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့၊ အထက(ရေကြည်) Grade-8 မှ မအေးသီရိကျော် ၏ ဖခင်အမည်မှန်မှာ ဦးမောင်ကျော် ၁၄/ရကန(နိုင်)၀၆၉၁၀၂ ဖြစ်ပါကြောင်း။ **ဦးမောင်ကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/29592, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးညီညီအောင် ၉/မရတ(နိုင်)၁၂၄၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဖြူးမြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၃**

မနော်လီစိုး (တရားလို) နှင့် ကိုဟူစိန်(ခ)ညီညီနိုင် (တရားပြိုင်)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ (၉)လမ်း၊ အနောက်ဘက်ဆုံးထိပ်၊ မြို့ထောင့်ကွက်သစ်၊ ဆေးရုံရပ်ကွက်နေ (ဘ) ဦးနော်ဇီ၏သားဖြစ်သူ ကိုဟူစိန်(ခ) ညီညီနိုင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မနော်လီစိုးက "လင်မယားကွာရှင်းပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၈) ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နေထွန်းနိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ဖြူးမြို့နယ်တရားရုံး

## ပြင်ဆင်မှုကိုချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှု လျှောက်ထားခံရသူသို့ ကြားသိစေသည့်အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၄၁၊ နည်းဥပဒေ -၁၄)**

**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**

**၂၀၂၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၁၂**

ဦးကျော်ငွေမင်း (လျှောက်ထားသူ) နှင့် ဦးအောင်ကျော် (လျှောက်ထားခံရသူ)

၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ ပြင်ဦးလွင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၂/၂၀၂၆ အမှုတွင် ချမှတ်သော အမိန့်ကိုပြင်ဆင်မှု။

လျှောက်ထားခံရသူ ဦးအောင်ကျော်၊ အမှတ်(ဃ-၅၈)၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

ယခုအမှုတွင် ပြင်ဦးလွင်မြို့နယ် တရားရုံးတော်က ချပေးသည့် ဒီကရီကို လျှောက်ထားသူက လျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး ထိုလျှောက်ထားမှုကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (၁၃၈၈ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က လျှောက်ထားခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် -၄၁၊ နည်းဥပဒေ- ၂၂ အရ ချိန်းထားသည့်အချိန်တွင် သင်ကကန့်ကွက်လိုကြောင်း ဤရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စည်သူကျော်)
ဒုတိယခရိုင်တရားသူကြီး(၂)
ပြင်ဦးလွင်ခရိုင်တရားရုံး

# TENDER INVITATION

1. China Civil Engineering Construction Corporation (Myanmar Limited) is inviting tenders for a subcontract of ACP Road construction works for ASK Development Project.

2. Work Description – The construction work of ACP off-site road which is approximately 4.36 km in length and 6 m in width, primarily includes topsoil clearing and compaction, roadbed layer backfilling, improved layer backfilling, and subbase backfilling.

3. Work Scope –

- The Employer will supply the primary road fill materials, specifically: fill material (CBR>4%). selected material (CBR> 15%), and crushed stone (CBR> 30%). These materials will be transported by the Employer via waterway to the designated ACP plant area.
- The selected subcontractor shall supply all labor, auxiliary materials, machinery, tools, and equipment necessary for the complete execution of the ACP Road construction. The selected subcontractor is also responsible for unloading the employer-provided materials at the ACP plant area and transporting them by dump truck to the filling site (haul distance is within 5 km).

4. Bid Submission Deadline: October 27, 2026

5. Bid Submission Address: BP-2, Shwe Zabu River View Condo, Kyee Myindaing Kanner Road, Alo ne Township, Yangon, Myanmar.

6. Contact information for more details:

- Email: yuhuiguan53@gmail.com
- Phone: +95(9)696810283

## ဖခင်အမည်မှန်

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ အထက (ခွဲ) အင်းကျော်၊ Grade – 7 တွင် ပညာသင်ကြားနေသော နော်ခင်ဝင်းဝါ၏ ဖခင်အမည်မှန်မှာ စောဖိုးနောင်း ၇/ထတပ(နိုင်)၀၇၈၅၇၇ ဖြစ်ပါကြောင်း။

**စောဖိုးနောင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးကျေးရွာ၊ အင်ကြင်းသာရပ်ကွက်နေ ဒေါ်မိုးပွင့်ဖြူ၏ ဖခင်အမည်မှာ ဦးမြင့်လှိုင်(ခ) ဦးမြင့်နိုင် ၇/ထတပ(နိုင်)၀၉၀၃၆၈ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်လှိုင်(ခ) ဦးမြင့်နိုင်**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၇/မြစနှီပန်းခြံအကွက်)၊ ဦးပိုင်အမှတ်(၂-၃/၁၉)၊ မြေရေိယာ (၀ဒသမ ၂၀၉)ဧကအား ဒေါ်အိထား (၃/မ၀တ(နိုင်)၀၀၃၄၂၆) အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လီတွေ့အရာရှိ၊ မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဦးအေး (၅) လမ်း၊ (၁၆) ရပ်ကွက်၊ အမှတ် (၁၄၂/၁၄၄)တွင် နေထိုင်သော ကျွန်တော် ဦးထွန်းဝင်း (၁၂/ဗဟန (နိုင်)၀၄၆၄၁၂) မှ အများသိစေရန်ကြေညာအပ်သည်မှာ – ကျွန်တော်ပိုင်ဆိုင်သော မော်တော်ယာဉ် Toyota Fielder 2001 ခဲရောင် (FF-2554) သည် (၉-၈-၂၀၂၆) ရက်တွင် ပျောက်ဆုံးသွားရာ မော်တော်ယာဉ်နှင့်အတူ ဗီးတက်မူရင်းပါတစ်ပါတည်း ပျောက်ဆုံးသွားခဲ့ပါသည်။ မော်တော်ယာဉ် ပျောက်ဆုံးမှုအတွက် သက်ဆိုင်ရာအင်းစိန်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ပြီး (၁-၁၀-၂၀၂၆) ရက်တွင် မော်တော်ယာဉ်အား ပြန်လည်တွေ့ရှိသော်လည်း မော်တော်ယာဉ်၏ဗီးတက်မူရင်းသည် ယနေ့ထိတိုင်မတွေ့ရှိဘဲ ပျောက်ဆုံးနေပါသည်။ ကျွန်တော်၏ ဗီးတက်မူရင်းအား တွေ့ရှိပါက ကျွန်တော်ထံဆက်သွယ်အကြောင်းကြားပေးပါရန် အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဦးထွန်းဝင်း (၁၂/ဗဟန (နိုင်) ၀၄၆၄၁၂)၊ Ph: 09-420036444**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် EE/2490, Nissan ADV ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သောင်း (၉/မရတ(နိုင်)၀၇၈၅၂၁) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/4953 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဦး (၇/တငန(နိုင်)၀၃၆၈၅၉)က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ ခရေပင်လမ်း၊ Magical World Condo, Tower C, (၉)လွှာ၊ အခန်းအမှတ်(၉၂၃)၊ အကျယ်အဝန်း (၅၈၉ဒသမ၉၆) စတုရန်းပေအကျယ်ရှိကွန်ဒိုတိုက်ခန်းအပါအဝင် အဆိုပါတိုက်ခန်းနှင့် စပ်ဆက်တွယ်ကပ်လျှက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့သည်ဟု အဆိုပြုသော ဦးရွှေပိုင်(ဘ) ဦးကာရင်း (၁၂/လမတ(နိုင်)၀၃၂၁၆၄)၏ ကိုယ်စားလှယ်ဖြစ်သူ ဒေါ်အေးချမ်းမိုး(ဘ) ဦးစိုင်းဝန်းဆီ (၁၂/လမတ (နိုင်)၀၃၄၈၆၈) က ဥပဒေနှင့်အညီ အရှုပ်အရှင်းကင်းစွာရောင်းချပိုင်ခွင့်ရှိသည်ဟု ထုတ်ဖော်ဝန်ခံပြောဆိုပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်မိုးသွယ် (ဘ)ဦးထွန်းဝင်း (၈/မကန(နိုင်) ၂၀၂၃၈၂) က အဆိုပါ ကွန်ဒိုတိုက်ခန်းကို ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်မြတ်မိုးသွယ် | ဦးအောင်ရဲကျော်(LL.B, D.I.P.L) |
| ၈/မကန(နိုင်)၂၀၂၃၈၂ | တရားလွှတ်တော်ရှေ့နေ(စဉ် ၁၈၆၁၂) |
| အမှတ်(၇၇)၊(၅)လမ်း၊ | ဖုန်း-၀၉-၄၃၂၀၇၄၄ |
| လမ်းမတော်မြို့နယ်၊ | |
| ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၄၂၉၁၅၆၂၆၅ | |

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၇/မြစနှီပန်းခြံအကွက်)၊ ဦးပိုင်အမှတ်(၂-၁/၁၉)၊ မြေရေိယာ (၀ဒသမ ၁၉၉)ဧကအား ဦးငွေထွန်း (၃/မ၀တ(နိုင်)၀၀၃၆၂၁)အမည်ဖြင့် နှစ် (၃၀) မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လီတွေ့အရာရှိ၊ မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အမှတ်(ဖ/၂)၊ (၅၈-အေ)၊ (၁၁၀-အေ)ထောင့်၊ မန္တလေးမြို့နေ ဦးညွန့်ဝင်း (ဘ) ဦးဆောင် (၅/စကန(နိုင်)၁၃၈၇၉၉) ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရေငယ်ကျေးရွာအုပ်စု၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ရွာ၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည်(ရေငယ်ကွင်း)၊ ဦးပိုင်အမှတ်(၃၈/၄)၊ မြေရိယာ(၆)ဧကအနက် အကွက်အမှတ်(က-၃)၊ မြေရိယာ (၀.၁၅၅)ဧကရှိ မြေကွက်အား (၂၃-၆-၂၀၂၆) ရက်စွဲပါ အရပ်ကတိစာချုပ်ဖြစ်သည့် "နှစ်ဦးသဘောတူ ခြံ/မြေ အရောင်းအဝယ် ပဋိညာဉ်စာချုပ်"ဖြင့် ဒေါ်ဝေဝေဇော်ထံမှ ဦးညွန့်ဝင်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုအရပ်ကတိစာချုပ်မူရင်းမှာ ယခုအခါ ဦးညွန့်ဝင်း လက်ဝယ်၌ နေရာပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားပါသဖြင့် အဆိုပါ ပျောက်ဆုံးသွားသည့်စာချုပ်နှင့် ပတ်သက်၍ နောက်နောင်တွင် အရှုပ်အရှင်းတစ်စုံ တစ်ရာပေါ်ပေါက်လာပါက ဒေါ်ဝေဝေဇော်နှင့် မသက်ဆိုင်ကြောင်း၊ ဦးညွန့်ဝင်းမှသာ တာဝန်ယူဖြေရှင်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်သူ | လွှဲအပ်ချက်အရ |
|---|---|
| ဦးညွန့်ဝင်း | ဒေါ်နော်ဆာဝါးထူး(LL.B)(D.I.L) စဉ် (၁၃၈၁၅)၊ |
| | တရားလွှတ်တော်ရှေ့နေ |
| | ယုဇနလမ်းနှင့်ပြည်သာယာလမ်းထောင့်၊ |
| | ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊ |
| | ဖုန်း – ၀၉-၄၀၂၅၁၀၈၁၈ |

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ရတနာပုံရပ်ကွက်၊ အင်ကြင်း(၃)လမ်းနေ ဒေါ်တင်ဇာဝင်း(ခ)မေသဥ္ဇာ(ဘ) ဦးဖိုးသာပိုင် ၁၁/မအန(နိုင်)၀၅၄၁၄၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ဒေါ်တင်ဇာဝင်း(ခ)မေသဥ္ဇာသည် ဥသျှစ်ပင်မြို့၌ "မေသဥ္ဇာ(ငါးခြောက်သည်မလေး)" ဒေသထွက်ကုန် ငါးခြောက်မျိုးစုံနှင့် ပုဇွန်ခြောက်၊ မျှင်ငါးပိရောင်းဝယ်ရေးလုပ်ငန်းအား ကောင်းသောဂုဏ်သတင်းဖြင့် လုပ်ကိုင်ရောင်းချသူတစ်ဦး ဖြစ်ပါသည်။ ဒေါ်တင်ဇာဝင်း၏ စီးပွားရေး၊ လူမှုရေး၊ ပုဂ္ဂိုလ်ရေးများကို ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန်ရည်ရွယ်၍ မမှန်မကန်သတင်းများ ဖြန့်ဝေရေးသားခြင်း၊ ဂုဏ်သိက္ခာကို ထိပါးစေသည့်အကြောင်းအရာများကို Facebook,TikTok စသည့် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဒေါ်တင်ဇာဝင်းအား ရည်ညွှန်း၍ Status တင်ခြင်း၊ Comments ရေးသားခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် ပြောဆိုပြုလုပ်သည့်အကောင့်ပိုင်ရှင်၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို သက်ဆိုင်ရာတည်ဆဲ ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်ဇာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းရီဝင်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၉၆)
အမှတ်(၆)၊ ပြည်ထောင်စုလမ်း၊ ရွှေပင်ရပ်ကွက်၊ ဥသျှစ်ပင်မြို့၊
ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၄၂၃၅၉၁၁

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရန်ရှင်းလမ်း၊ Space Yankin Condo ၊ အခန်းအမှတ်(၀၅-၀၃)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၇၇၁)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

အထက်လိပ်စာပါကွန်ဒိုတိုက်ခန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပိုင်ဆိုင်မှုစာအုပ်(Owner Book)တွင် အမည်ပေါက်များဖြစ်ကြပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူများဖြစ်ကြသော ဦးသူရသိန်း (၁၂/လမတ(နိုင်) ၀၀၂၉၄၃) နှင့် ဒေါ်မြတ်မွန်မွန်ချစ် (၁၂/သလန(နိုင်) ၀၇၄၉၆၁) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဇော်မင်း (၁၂/ဗဟန(နိုင်) ၀၈၀၆၆၉)က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဝင်းဇော်ဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၂၄၆၉)**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## ပျောက်ဆုံးကြောင်း

ဒေါ်စိမ့်စိမ့်ဖြိုး(ဘ)ဦးလွင်သိန်း ၃/မ၀တ(နိုင်) ၀၁၇၄၇၂အမည်ဖြင့်ထွက်ရှိသော မြဝတီမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၁၄၂)(ယာယီမြေပေးမိန့်)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၃၆၇၅၇၀**

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ၊ လမ်းမတော်တောင်ရပ်ကွက်နေ (ဘ) ဦးကျော်သန်း ၁၁/စတန(နိုင်)၀၀၇၈၃၄ ၏သား အထက-၄၊ Grade-11 မှ မောင်ထူးမြတ်လင်း ၁၁/စတန(နိုင်)၀၆၀၃၀၃ အား အောင်ကိုဆန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **အောင်ကိုဆန်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ ရောချမ်းသာ အဆင့်မြင့်ကွန်ဒို၊ တိုက်အမှတ်(12/A)၊ (13)ထပ်၊ လူနေအိမ်ခန်း အမှတ်(265)၊ အကျယ် (714) စတုရန်းပေ၊ ရေ၊ မီးအပါအဝင်ဖြစ်သော ကွန်ဒိုတိုက်ခန်းသည် ဦးရဲထက်ဇော်၊ ၁၂/ဥကမ(နိုင်)၂၁၆၈၂၅ နှင့် ဒေါ်ဇင်ဇင်မာ၊ ၉/အမရ(နိုင်)၁၁၅၆၃၂တို့၏ အမည်ပေါက်လက်ရှိလက်ရောက်ပိုင်ဆိုင်သည့် ကွန်ဒိုတိုက်ခန်းဖြစ်ပါသည်။ ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သော နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း မြွတ်ဟဝန်ခံသူ ဦးရဲထက်ဇော် ၁၂/ဥကမ(နိုင်)၂၁၆၈၂၅နှင့် ဒေါ်ဇင်ဇင်မာ ၉/အမရ(နိုင်)၁၁၅၆၃၂တို့ထံမှ ကျွပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ချို မြတ်စန္ဒာ ၆/ရဖန(ပြု)၀၀၀၀၁၃သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| ဒေါ်မေဇင်ဦး (L.L.B) | ဒေါ်ရွှေစင်ယမင်း (L.L.B) |
| အထက်တန်းရှေ့နေ ( စဉ်-၅၂၉၅၇ ) | အထက်တန်းရှေ့နေ(စဉ်-၅၅၁၇၄) |

**အမှတ်(၃၁၆)၊ ရတနာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉ – ၇၆၆၈၈၇၄၄၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/56478, Luojia -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးဆုမွန် (၆/ထဝန(နိုင်)၀၈၃၃၉၄)က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

